ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဌ်ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝင် ( ဓမ္မပဒ- ၃၃၂)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 September 2024 ၁၁၅၈၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးသွားရန်လို

နေပြည်တော် စက်တင်ဘာ ၁၇

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

**ရုပ်ရှင်အနုပညာရှင်များ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၇

**စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်**

စာမျက်နှာ » ၉

**အဆိုးထဲက အကောင်းများ**

ဆောင်းပါး စာမျက်နှာ » ၁၀

**ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ ရင်ဆိုင်နေရပြီလား**

စာမျက်နှာ » ၁၂

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄
ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၂ ) ရက်သာ လိုတော့သည်။
IMMIGRATION

ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် ပြည်တွင်းအားဖြင့် စုပေါင်းကာကွယ်

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းငယ်တို့၏အရှိန်ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပေါ်လာမည့် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုနိုင်မှုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာလ ၉ ရက်နေ့တွင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ခဲ့သည်။

ထိုနေ့ညတွင်ပင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျရေများ၊ ချောင်းရေများ အရှိန်ပြင်းစွာစီးဆင်းကာ ရေကြီးရေလျှံမှုများဖြစ်ပွားပြီး ပတ်ဝန်းကျင်ရှိ လူနေရပ်ကွက်များ၊ ကျေးရွာများ ရေဝင်နစ်မြုပ်ကာ နေအိမ်များနှင့် လမ်းတံတားများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ အလားတူ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅၆ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများကြောင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြသည့် အိမ်ထောင်စုပေါင်း ၄၂၈၅၈ ကျော်၊ လူဦးရေစုစုပေါင်း ၁၆၃၇၁၀ ကျော်ကို ဘေးကင်းရာ ယာယီကယ်ဆယ်ရေးစခန်း ၄၃၈ ခုသို့ ရွှေ့ပြောင်းပေးခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့ ညနေပိုင်းအထိ ရရှိသောစာရင်းအရ ရေကြီးရေလျှံမှုနှင့် မြေပြိုမှု သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူ ၂၂၆ ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရသူ ၁၄ ဦးရှိခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းက တောင်ငူဒေသ ဇရပ်ကြီးအနောက်ဘက်ကျေးရွာများမှ ပြည်သူများကို ရွှေ့ပြောင်းကယ်ထုတ်စဉ် တပ်မတော်သားတစ်ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦး ရေစီးထဲမျောပါပျောက်ဆုံးခဲ့သည်။ ပျောက်ဆုံးသူပြည်သူများနှင့် တပ်ဖွဲ့ဝင်များကို ကြိုးစားရှာဖွေလျက်ရှိသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများက ရေဘေးသင့်ရာဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် လမ်းညွှန်ပေးကာ ဒေသခံပြည်သူများအား အားပေးစကားပြောကြားခဲ့သည်။ ရေကြီးရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပွားနေစဉ် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက တက်ကြွစွာပူးပေါင်းကူညီ ဆောင်ရွက်ပေးကြသည်ကို အားတက်ဖွယ် တွေ့မြင်ရသည်။ အရေးကြုံလျှင် ပြည်သူများအပေါ်ထားရှိသည့် စည်းလုံးညီညွတ်မှုအင်အားကို တွေ့မြင်ရသည်။

ထိုသို့ ပြည်သူအများ ဒုက္ခအခက်အခဲရောက်နေသည့်အချိန်အခါတွင် ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအပေါ် ဖျက်လိုဖျက်ဆီးပြုလုပ်လိုကြသည့် ပြည်တွင်း၊ ပြည်ပမှ အဖျက်အန္တရာယ်များက ပြည်သူများ အတိဒုက္ခရောက်နေမှုနှင့် ပြည်သူများ စည်းလုံးညီညွတ်စွာ ကူညီစောင့်ရှောက်ဖေးမမှုများကို လျစ်လျူရှုပြီး မဟုတ်မမှန်သတင်းထုတ်လွှင့်မှုများ၊ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် ကောလာဟလသတင်းပြောဆိုမှုများ ပြုလုပ်ကြကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ မှေးမှိန်အောင် နည်းမျိုးစုံဖြင့် ပြုလုပ်နေကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ပြည်သူများ အဆင်ပြေချောမွေ့စွာ ရပ်တည်နေထိုင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခံစားကြရသည့် ပြည်သူများအား ကယ်တင်စောင့်ရှောက်ကြရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ဆံဖျား ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အပါအဝင် စေတနာရှင်လုပ်အားပေးပြည်သူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအားလုံးတို့ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မွန်မြတ်သောစိတ်ထားဖြင့် ပြည်သူလူထုအကျိုးကို စွမ်းစွမ်းတမံ ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြသဖြင့် ဂုဏ်ပြုထိုက်ပေသည်။ ရေဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် အလှူငွေများနှင့် လိုအပ်သည့် ပစ္စည်းပစ္စယများကို လှူဒါန်းကြသော စေတနာရှင်ပြည်သူများနှင့်အဖွဲ့အစည်းများအားလုံးကိုလည်း နိုင်ငံတော်အစိုးရက ကျေးဇူးတင် အသိအမှတ်ပြုခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်စဉ် နေထိုင်စားသောက်မှုများအတွက် သတ်မှတ်နှုန်းထားအတိုင်း ထောက်ပံ့ပေးလျက်ရှိပြီး နောက်ဆက်တွဲအဖြစ် ဆန်၊ ရိက္ခာဖိုးများအတွက် သတ်မှတ်နှုန်းထားများနှင့် သေဆုံးဒဏ်ရာရသူများအတွက်လည်း ငွေကြေးထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အိမ်ဆုံးရှုံးသွားသူများကို စာရင်းကောက်ယူပြီး ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့ပေးသွားမည်ဟု သိရသည်။ သို့ဖြစ်ရာ ပြည်သူများ အရေးကြုံလာချိန်တွင် နိုင်ငံတော်အစိုးရက အလျင်အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူများအားလုံးကလည်း စုစည်းညီညွတ်မှုအားဖြင့် ပြည်သူအချင်းချင်း ဖေးမကူညီ ဆောင်ရွက်ပေးကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## မော်လမြိုင်မြို့၌ (၇၈) ကြိမ်မြောက် ရွာလုံးကျွတ် ဆီဆွမ်းလောင်းလှူပွဲ ကျင်းပ



မော်လမြိုင် စက်တင်ဘာ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက်တိုက်နယ်အတွင်းရှိ ရိုးဂိုးကျေးရွာ၊ဖားအောက်ကျေးရွာ၊ကော့ခမယ်ကျေးရွာအုပ်စု(၃)အုပ်စုတို့ စုပေါင်း၍ (၇၈)ကြိမ်မြောက် ရွာလုံးကျွတ် ဆီဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆီဆွမ်းလောင်းလှူပွဲသို့ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂၀ တို့မှ သံဃာတော်အပါး ၅၈၈၃ ပါး၊ သီလရှင်အပါး ၁၂၈၆ ပါး စုစုပေါင်း ၇၁၆၉ ပါးအား ရိုးဂိုးကျေးရွာဆံတော်ရှင်စေတီတော်မှစတင်၍ ရွာပတ်လမ်းတစ်လျှောက် ဆီဆွမ်းအလှူခံကြွချီခဲ့ရာ ဆီဆွမ်းလောင်းလှူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းများက ဆီပိဿာ ၁၀၀၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖ၊ ကျေးရွာနေပြည်သူများဖြင့် ဆီဆွမ်းများဝိုင်းဝန်းလောင်းလှူခဲ့ရာ စုစုပေါင်းဆီပိဿာချိန် ၁၈၉၈၁ ပိဿာကို စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝင်ငွေတိုးစီမံကိန်းသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

မြောင်းမြ စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ လူငယ်များအတွက် အလုပ်အကိုင် ဖန်တီးနိုင်ရေးလုပ်ငန်းမှ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလင်းက သင်တန်းဖွင့်အမှာစကားနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေး ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းပါ "မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း" ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နည်းပြဆရာဦးကျော်ဇော်လင်းနှင့် အတူအကူနည်းပြဆရာ ဦးဝေယံလင်းတို့က သင်တန်းသား စုစုပေါင်း ၁၀ ဦးတို့အား စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဘာသာရပ်ခုနစ်မျိုးတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၈၅ | ၇၄၈,၁၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၅၃၄ | ၁,၈၄၂,၃၀၀ |
| MCB | ၈,၉၀၀ | ၈,၉၀၀ | ၆၆ | ၅၈၇,၄၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၆၁၁ | ၁,၁၀၀,၃၅၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၅၈ | ၁၆၀,၂၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၅၄ | ၉၅၀,၉၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅ | ၂၂,၅၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၃၀၀ | ၁,၀၃၅,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၂၈ | ၁,၀၂၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ မရသော်လည်း တတ်နိုင်သမျှထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်**

❖ **ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှု အကြီးမားဆုံးဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။

❍ ရွှေဖုံးမှ

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရာဂီမုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို သတင်းများအရသိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရာဂီမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံကို စတင်ဖြတ်ကျော်ခဲ့ပြီး ယင်းအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ **သတိပေးထုတ်ပြန်မှုများဆောင်ရွက်ခဲ့သော်လည်း ယခုအတိုင်းအတာအထိ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြ**ကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများ တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့်အခြေအနေ မဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ညအချိန် မိုးရွာသွန်းမှု များပြားပြီး ရုတ်တရက်တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ယခုကဲ့သို့ ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ကြောင်း။

**ဖြစ်စဉ်အပေါ် သုံးသပ်၊ သင်ခန်းစာရယူ၊ ပြင်ဆင်မှုများပြုလုပ်**

**သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှု အကြီးမားဆုံး ဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိ**ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာအသုံးအနှုန်းများထက် သာမန်ပြည်သူလူထုသတိပြု နားလည်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်ပြန်မှသာလျှင် ပြည်သူများအနေဖြင့် ရှင်းလင်းစွာသိရှိပြီး အလေးထားလိုက်နာနိုင်မည်ဖြစ်ကြောင်း၊ **ယခုနှစ်မိုးရာသီကာလအတွင်း မိမိတို့နိုင်ငံတွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးတို့၌ မိုးများ များပြားစွာ ရွာသွန်းခဲ့သည်ကို တွေ့ရှိရပြီး ထိုသို့ရွာသွန်းမှုများကြောင့် မြေသားများမှာ စိုထိုင်းဆ များပြားလျက်ရှိပြီး မြေများကျစ်လျစ်မှုအားနည်းသည့် အချိန်ဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ယခင်ပျော့နေသည့် မြေသားများမှာ ပြိုကျမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊** ယမန်နေ့က ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့စဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာအစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြိုမြေပြိုမှုများဖြစ်ပေါ်နေမှု၊ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာလမ်းကြောင်းကြီးများဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ကေ အများအပြားပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သောကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို စိတ်မကောင်းဖြစ်ဖွယ်တွေ့မြင်ခဲ့ရကြောင်း။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ဆက်စပ်၍ သစ်ထုတ်လုပ်မှုများနှင့် ပတ်သက်၍လည်း တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့် အတူ မျောပါတိုက်စားခဲ့ပြီး ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ရာသီဥတုနှင့် ပတ်သက်၍ မျှော်မှန်းထားသည်ထက် ပိုမိုအချိန်တို လျင်မြန်စွာဖြစ်ပွားခဲ့ခြင်းကြောင့်လည်း ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုအပိုင်းနှင့်ပတ်သက်၍ စနစ်တကျ တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းပြီး **ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် သင်ခန်းစာယူ၍ တံတားများတည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်သွားရန်လို**ကြောင်း၊ ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတားအရှည်နှင့်ခန်းဖွဲ့အားလျှော့၍ ချဉ်းကပ်လမ်းအား တိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေး သုံးသပ်ရန်လိုကြောင်း၊ ထို့ပြင် တံတားနေရာများသို့ ရေဝင်ရောက်ရာလမ်းကြောင်းနှင့်ရေထွက်ရာလမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှု ကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်/မြောင်းများနှင့်ပတ်သက်၍လည်း ဆည်များအတွင်း သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာပြီး ဆည်များကောခြင်း၊ အောက်ခြေ မျက်နှာပြင်တက်လာခြင်းများကို အမြဲမပြတ်ဖယ်ထုတ် ဆောင်ရွက်နေရန်လိုကြောင်း၊ **မြစ်ချောင်းများအတွင်း သဲနုန်းများအနည်ကျမှု များပြားလာခြင်းသည် မြစ်ချောင်း ကြမ်းခင်း(Bed Level) မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့တွင် ရွှေတူးဖော်ခြင်း၊ ကျောက်တူးဖော်ခြင်းတို့ကြောင့် မြစ်အောက်ပိုင်းများတွင်နုန်းပို့ချမှုများလာ**ကြောင်း၊ **ထို့ကြောင့် မြစ်ချောင်းများ တစ်လျှောက်ကိုလည်း အရေးကြီးသည့် အစိတ်အပိုင်းအလိုက် သောင်တူးခြင်းများ ဆောင်ရွက်ရန်လို**ကြောင်း၊ မြို့ရွာများ၊ လမ်းကြောင်းများ၌ ရေထွက်စနစ်များ ကောင်းမွန်မှုမရှိခြင်း၊ ရေနုတ်မြောင်းစနစ်များ ကောင်းမွန်မှုမရှိခြင်းကြောင့်လည်း ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **လမ်း၊ တံတား၊ ဆည်၊ မြောင်းများ၏ ရေထွက်စနစ်များကို နှစ်စဉ် စစ်ဆေးပြုပြင်ထိန်းသိမ်းမှု (Maintenance) မပျက်မကွက် ပြုလုပ်ရန်လို**ကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်**

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ **ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကိုတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်**ကြောင်း၊ ရေဘေးဒုက္ခသည်စခန်းများရှိပြည်သူများ စားသောက်ရေးအတွက်လည်း အဆင်ပြေအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေးအတွက် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ပျက်စီးသွားသည့် တံတားများတွင် ယာယီဘေလီတံတားများကို ဦးစားပေးဆောက်လုပ်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရေဘေးရှောင်စုရပ်များသို့ ယာယီခေါ်ဆောင်ထားသည့် ပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်သို့ ပြန်လည် သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုပြီး မြို့နယ်၊

**စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

ရပ်ကွက်၊ ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့၏ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့်မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦးရှိကြောင်း၊ လူနေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း၊ ရေဝင်နစ်မြုပ်မှုမှာ ၁၅၈၃၄၃ လုံးဖြစ်ကြောင်း၊ ယာယီဒုက္ခသည်စခန်းများတွင် ၁၆၃၅၇၃ ဦး ရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်သူ ၂၃၄၅၃၅ ဦးရှိကြောင်း၊ သက်ဆိုင်ရာကျေးရွာများအလိုက် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါရေဘေးသင့်ပြည်သူများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အသင့်စားခေါက်ဆွဲများအပါအဝင် အခြားစားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

**ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့်တိုင်းစစ်ဌာနချုပ်များအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်**ရန်လိုကြောင်း မှာကြားသည်။

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့မှု၊ မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ လမ်းတံတားများ၊ တာတမံများ ထိခိုက်ပျက်စီးခြင်း၊ ကမ်းပြိုခြင်းများဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် ကိစ္စရပ်များကို နိုင်ငံတော်ပိုင် အသံလွှင့်ဌာနများနှင့် သတင်းစာများမှ အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိ ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များဖြင့် ကူညီကယ်ဆယ်ခဲ့မှု၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးနှင့် ကယ်ရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်နေမှု၊ ဘေးသင့်ပြည်သူများ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ စသည့် စားသောက်ကုန်များ မျှဝေထောက်ပံ့ခဲ့မှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေကြီးမှုကြောင့် ဖြစ်ပွားတတ်သည့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရေးဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ နယ်လှည့်ဆေးကုအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရေကျသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများအတွက် အရေးပေါ်တုံ့ပြန်ရေးကော်မတီဖွဲ့စည်းထား၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့နယ်အသီးသီးရှိ အများနှင့်သက်ဆိုင်သည့် နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျက်စီးထိခိုက်သေဆုံး ခဲ့မှုနှင့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ ကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးပစ္စည်းများ ဖြန့်ခွဲဆောင်ရွက်ထားမှု၊ သဘာဝဘေးဒဏ်ကြောင့် ကျေးလက်လမ်းနှင့် တံတားများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ပြန်လည်ကုစားဆောင်ရွက်ပေးရန် လျာထားမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် ကျန်းမာရေးကဏ္ဍပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ မိုးလေဝသသတင်းများအား ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိစေနိုင်ရေး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် အကူအညီအထောက်အပံ့များ ပေးအပ်သွားမည့် အစီအစဉ်များ၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။




သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်စဉ်။

- **ယခုမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်**
- **ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်**

### ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ရေကြီးရေလျှံမှုများကြောင့် မီးရထားလမ်းများနှင့် တံတားများ ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်းခရီးစဉ်များပျံသန်း ပြေးဆွဲလျက်ရှိမှု၊ AHA Center နှင့် အိန္ဒိယနိုင်ငံမှပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူရောက်ရှိမှုနှင့် လွှဲပြောင်းပေးအပ်မှု၊ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များ ကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရာသီဥတုနှင့်သက်ဆိုင်သည့်သတိပေးချက်များအား သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး Short Message များဖြင့်ပေးပို့၍ ဆောင်ရွက်မည်ဆိုပါက ထိခိုက်မှုများကိုလျှော့ချနိုင်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမှ အကူအညီများပေးအပ်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများအား လေယာဉ်များ၊ သင်္ဘောများဖြင့် ပေးပို့လျက်ရှိမှုနှင့် ကမ်းလှမ်းလာမှု၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဆည်မြောင်းတာတမံများနှင့် ရေကန်များကို ပြန်လည်ပြင်ဆင်နေမှု၊ စိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများနှင့်တွေ့ဆုံ၍ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းမှုများဆောင်ရွက်ခဲ့မှု၊ ရေဘေးသင့်ဒေသများရှိ ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေဘေးသင့် ကျောင်းသားကျောင်းသူများအတွက် စာအုပ်စာစောင်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော်မှ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှုကို အနှောင့်အယှက် ဖြစ်စေမည့်အရာများကို အမြန်ဆုံးရှင်းလင်းရန် လိုအပ်ကြောင်း၊ အလှူငွေများ လက်ခံရာတွင်လည်း ကော်မတီအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ အစားအသောက်များ လှူဒါန်းမှုကိုလက်ခံရာတွင်လည်း သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များ ဖြစ်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်ကြောင်း၊ စာမျက်နှာ ၅ သို့ ○

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှု အနည်း၊ အများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်သွားရန်လို

○ စာမျက်နှာ ၄ မှ

မိုးလေဝသသတင်းများကိုလည်း ပြည်သူများ ရှင်းလင်းစွာဖြင့် အချိန်တိုအတွင်း နားလည်မှုလွယ်ကူစေရေး ထုတ်ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သစ်များ ထုတ်လုပ်လျက်ရှိသည့် သစ်ဆိပ်များတွင် သစ်များ ခုတ်ယူထားရှိပြီး သယ်ယူရန် ကျန်ရှိနေသည့် သစ်လုံးများမှာ ရေစီးဖြင့် မျောပါလာခဲ့သည့်အတွက် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် သစ်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိုးမကျမီအချိန်အတွင်း ခုတ်ယူထားသည့် သစ်များကို သစ်ကွင်းများ၌ ကျန်ရှိမှုမရှိစေရေး သတ်မှတ်သစ်ဆိပ်နေရာများသို့ သယ်ဆောင်ထားရန်လိုကြောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှုများ မရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် တားမြစ်ရန်လိုအပ်ကြောင်း၊ ရေများကျဆင်းချိန်တွင် ကျောက်ထုတ်စခန်းများမှ ကျောက်များမှာ ရေစီးဖြင့်မျောပါလာခဲ့သည့်အတွက် အန္တရာယ်ရှိကြောင်း၊ သဘာဝဘေး အန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ **ပျက်စီးသွားသည့်သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားရန်လို** ကြောင်း၊ ကုန်စည်စီးဆင်းမှုများ ကောင်းမွန်ချောမွေ့စေရေးအတွက်လည်း မီးရထားလမ်းများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

### မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာ ၁ ရက်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့၏ နေရပ်များတွင် အတတ်နိုင်ဆုံး အမြန်ဆုံးပြန်လည် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ **ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ ပျက်စီးမှုအနည်း၊ အများအလိုက် ဦးစားပေး အဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ခြောက်လတာကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊** ပိတ်ထားရသည့် ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ခန်းစာများ လစ်ဟင်းမှုမရှိစေရေး အချိန်ပိုများ သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းပိတ်ရက် အလွန်များပြားသွားမည်ဆိုပါက နွေရာသီတွင် ပြန်လည်သင်ကြားပေးနိုင်ရေး စီမံသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရနိုင်သမျှ Saving လုပ်သွားရန်လိုကြောင်း၊ ယနေ့ **တင်ပြချက်များအား Check List ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို အမြဲမပြတ်စိစစ်၍ လုပ်ငန်းတိုးတက်မှုများကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သွားရန်နှင့် တင်ပြသွားရန်လိုကြောင်း၊** ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး အဓိကထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးအထိမ်းအမှတ် အခမ်းအနားသည် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်များကို ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုအနေဖြင့် လက်ရှိနှင့်နောင် အနာဂတ်မျိုးဆက်များအတွက် အရေးပါသည့် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးရန်နှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး နှိုးဆော်ပေးနိုင်ရန် ရည်ရွယ်၍ ပြုလုပ်သည့် အခမ်းအနားဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ ဗီဒီယို Messageနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေးဗီဒီယိုပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ပထမဆုနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရရှိသူများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ဒုတိယနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ဒုတိယဆုရရှိသူများ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တတိယဆုနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ တတိယဆုရရှိသူများ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် နှစ်သိမ့်ဆု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သထုံမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

သထုံ စက်တင်ဘာ ၁၇

၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ယမန်နေ့နံနက်ပိုင်း ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်က အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သဝဏ်လွှာ ဗီဒီယိုရုပ်သံနှင့် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုရုပ်သံတို့ကို ပြသခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင်တို့က ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲမှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြကာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက အထက(၁) သထုံကျောင်းသို့ အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ (၆)ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ကျင်းပမည့် အာရှဒေသ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions– AACC) ၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် သုံးဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံမြို့တော်ဝန်များဖိုရမ် တက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဗီယင်ကျန်းမြို့တော်ဝန်၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် အာဆီယံမြို့တော်များ၏ အကြီးအကဲများ၊ မြို့တော်ဝန်များ အစည်းအဝေး(၂၀၂၄)နှင့် အာဆီယံမြို့တော်ဝန်များဖိုရမ် (၂၀၂၄)သို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးကို အာဆီယံ မြို့တော်များအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဆိုင်ရာ ပေါင်းစည်းညီညွတ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန် နီးနှောဖလှယ်မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်ရန်နှင့် ဒေသတွင်းလူမှုအသိုင်းအဝိုင်းအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပူးပေါင်း ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော မြို့တော်များအဖြစ် ဖန်တီးနိုင်ရေးအတွက် အတွေ့အကြုံများ အပြန်အလှန် ဖလှယ်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်း ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်နိုင်ခြင်းနှင့် ပြည်သူလူထုအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဖော်ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်များမှ အကြီးအကဲများနှင့် တီမောလက်စ်တေနိုင်ငံ ဒီလီမြို့မှ မြို့တော်ဝန်တို့က လေ့လာသူအဖြစ် တက်ရောက်ကြပြီး ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မဟာဗျူဟာမိတ်ဖက်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ သံအမတ်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ကော်မတီနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲက နှစ် (၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

စုပေါင်း သွေးလှူဒါန်းပွဲကို အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်မြင့်မြတ်၏ ကြီးကြပ်ကွပ်ကဲမှု၊ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလှ၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းရာ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလှ၊ ဒုတိယရဲမှူး မျိုးအောင်တို့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား တစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ Royal D တစ်ဘူးစီနှင့် Good Morning ပေါင်မုန့်တို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အထူးကုဆရာဝန် (ရောဂါဗေဒ)ဒေါက်တာ ပြုံးဇာခြည်အောင်က ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလှ၊ ဒုတိယရဲမှူး မျိုးအောင်တို့က လက်ခံရယူသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျိုင်းတုံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျိုင်းတုံ ပညာရေး ဒီဂရီကောလိပ်၌ ပြုလုပ်သည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံခရိုင် ဦးစီးမှူး ဦးအောင်သွင်ဦးက သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အကြောင်းအရာများကို သေချာစွာ လေ့လာမှတ်သားပြီး မြေပြင်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသည့်အခါ ပြည့်စုံမှန်ကန်စွာ ကောက်ယူရန် လိုအပ်ကြောင်း ပြောကြားသည်။




အဆိုပါ သင်တန်းသို့ ကျိုင်းတုံမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၈၄ ဦး၊ မိုင်းလားမြို့နယ်မှ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၆ ရက်မှ ၂၇ ရက်ထိ သင်ကြားဆွေးနွေးပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ

# ရေဘေးဒဏ် ခံစားရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက ဝန်ထမ်းမိသားစုများကိုယ်စား ငွေကျပ်သိန်း ၅၀၊ Automotive Association of Myanmar က ငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၄ ခုနှစ် မြို့ပြ ကျောင်းသား ကျောင်းသူဟောင်းများက ငွေကျပ် ၁၁၅ သိန်း စုစုပေါင်း ငွေကျပ် ၄၆၅ သိန်း ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစန်းမိသားစုမှ ပျဉ်းမနားမြို့ နံတော်စဉ်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၇၀၊ မြို့ဦးဓမ္မာရုံရှိ ရေဘေးသင့်ပြည်သူ ၁၅၂ ဦး၊ မြို့လယ်ဓမ္မာရုံရှိ ရေဘေးသင့်ပြည်သူ ၇၈ ဦး စုစုပေါင်း ၃၀၀ တို့အတွက် နေ့လယ်စာ ထမင်းဘူး ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■






# ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်ကြောင့် ရေဘေးဒဏ်ခံခဲ့ရသော နေပြည်တော်ကောင်စီနယ်မြေနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ သင်္ကန်းခြင်း ၃၁ ခြင်း အပါအဝင် ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တသောဘန အရှင်သူမြတ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းမိန့်ကြားပြီး ဒေါက်တာဘဒ္ဒန္တသောဘန၏ သက်တော် ၇၇ နှစ်ပြည့် မွေးနေ့အကြို ဝိဇာတမင်္ဂလာကုသိုလ် အလှူတော်အဖြစ် ရေဘေးဒဏ်ခံခဲ့ရသော ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကန်းဒွိစုံ ၆၀၀၊ သင်္ကန်းခြင်း ၃၁ ခြင်း အပါအဝင် ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆရာတော်ကြီးကိုယ်စား အကျိုးတော်ဆောင်အဖွဲ့က ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဇော်ဇော်ဦးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြန်ကြားရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်လျက်ရှိသည့် ပျဉ်းမနားမြို့ သုခစိုးဟိုတယ်ဝင်းအတွင်းရှိ ဘိုးဘွားရိပ်သာနှင့် အုန်းတောပရိယတ္တိစာသင်တိုက်တို့သို့ စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြသည်။

ဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် သုခစိုးဟိုတယ်ဝင်းအတွင်းရှိ ဘိုးဘွားရိပ်သာမှ ရေဘေးသင့်ပြည်သူ ၄၀၀ နှင့် အုန်းတောပရိယတ္တိစာသင်တိုက်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၆၀၀ တို့အတွက် စားသောက်ဖွယ်ရာများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဟာသပညာရှင် ဒိန်းဒေါင်၊ ဟာသပညာရှင် အကယ်ဒမီအုန်းသီးနှင့် အဖွဲ့က ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများ ပါဝင်ပေးအပ်လှူဒါန်းခဲ့ကြပြီး အားပေးစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်ရှင်အနုပညာရှင်များ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

"နှောင်"ရုပ်ရှင်ဇာတ်ကားကြီးမှ အကယ်ဒမီနေတိုး အပါအဝင် အနုပညာရှင် အဖွဲ့သားများသည် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းက တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် မိုးအဆက်မပြတ် ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ရေဘေးဒဏ်ခံခဲ့ရသည့် တပ်ကုန်းမြို့အနီးပတ်ဝန်းကျင်မှ ရေဘေးသင့်ပြည်သူများ ယာယီ နေထိုင်လျက်ရှိသည့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ငွေတောင်တောရ ကျောင်းတိုက်သို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ အခြေခံစားသောက်ကုန်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ထို့အတူ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အကယ်ဒမီခန့်စည်သူ၊ အကယ်ဒမီဝါဝါအောင်၊ အကယ်ဒမီအောင်ခိုင်နှင့် သရုပ်ဆောင် မိုးစက်တို့အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ရှိ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ချမ်းမြေ့မြိုင်ရိပ်သာကျောင်းနှင့် မဟာဇနက စာသင်တိုက်တို့သို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ အခြေခံစားသောက်ကုန်များနှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် AHA Centre တို့ ပေးပို့သည့် လူသားချင်းစာနာမှုအကူအညီပစ္စည်းများ မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်တရုတ် ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ် ခံစားရသည့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများသည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးအပ်သည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Shri Abhay Thakur က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လက်ခံရယူပြီး



မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပစဉ်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အိန္ဒိယလေတပ် သယ်ယူပို့ဆောင်ရေးလေယာဉ် IL-76 ဖြင့် ပေးပို့လာသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများတွင် ခြင်ထောင်အလုံး ၁၀၀၀၊ အသင့်စား အစားအစာထုပ် (MRE) အထုပ် ၃၀၀၀၊ မီးဖိုချောင်သုံးပစ္စည်းအစုံ ၅၀၀၊ ဆိုလာမီးအိမ် ၁၀၀၀ ခန့်၊ မီးစက် နှစ်လုံး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ (Hygiene Kits) အစုံ ၄၀၀၀၊ ယာယီတဲ ၁၅ လုံး၊ ရေသန့်စင်ရေးဆိုင်ရာပစ္စည်းများဖြစ်သည့် ကလိုရင်းဆေးပြား၊ ပိုးသတ်ဆေး၊ Bleaching powder နှင့် ဆေးဝါးပစ္စည်းများ စုစုပေါင်း ပစ္စည်းတန်ချိန် ၃၀ ကျော်ပါရှိသည်။


မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

အလားတူ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ တာပေါ်လင်နှင့် ယာယီတဲများ သယ်ဆောင်လာသော အိန္ဒိယနိုင်ငံရေတပ်မှ စစ်ရေယာဉ်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိမည်ဖြစ်သည်။

ထို့ပြင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management-AHA Centre)က ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၃၃၇၁၄၈ ဒသမ ၉၅ ခန့်မှန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိသားစုသုံး မိုးကာတဲများ၊ တာပေါ်လင်၊ Shelter Repair Kit၊ ရေသန့်စက်များနှင့် အခြား အရေးပေါ်သုံးပစ္စည်းများ ပါဝင်သော စုစုပေါင်းအလေးချိန် ၅၉၃၆၀ ကီလိုဂရမ်ရှိ ပစ္စည်းများကို မြန်မာအမျိုးသား လေကြောင်း (MNA)၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) တို့ဖြင့် သယ်ဆောင်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆိုက်ရောက်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်သင့်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး "မူ" ဖြင့် ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာအမျိုးသားလေကြောင်း အခမဲ့သယ်ယူပို့ဆောင်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာအမျိုးသားလေကြောင်း(MNA)အနေဖြင့် ရေဘေးသင့်ပြည်သူများထံသို့ ကူညီထောက်ပံ့လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးဝါးများကို ပြည်တွင်း ၊ ပြည်ပ လေယာဉ်ခရီးစဉ်များဖြင့် အခမဲ့သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ သယ်ယူပို့ဆောင်ပေးရာတွင် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံရှိ ရေဘေးသင့်ဒေသများအတွက် AHA Centre မှ ပေးပို့သည့် ကယ်ဆယ်ရေးပစ္စည်းအလေးချိန် ၅၅၆၀ ကီလိုဂရမ်ကို ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၁ နာရီ ၁၂ မိနစ်တွင် Humanitarian Cargo Flight, Boeing 737-800F (9M-WCA) ဘန်ကောက်-ရန်ကုန် (UB-2020) ခရီးစဉ်ဖြင့် သယ်ဆောင်ပေးခဲ့သည်ဟု MNA ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် စက်တင်ဘာ ၁၅ ရက်တွင် စင်ကာပူ-ရန်ကုန် ခရီးစဉ် UB-002 ဖြင့် အဝတ်အထည်များနှင့် အခြားလိုအပ်သည့်ပစ္စည်းများ အလေးချိန် ၄၇၉ ကီလိုဂရမ်ကိုလည်းကောင်း ၊ စက်တင်ဘာ ၁၆ ရက်တွင် ကူညီကယ်ဆယ်ရေးပစ္စည်း အလေးချိန် ၁၉၇ ကီလိုဂရမ်ကိုလည်းကောင်း သယ်ဆောင်ပေးခဲ့ကြောင်း၊ ရေဘေးသင့်ပြည်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်းများ အဆင်ပြေမြန်ဆန်စွာ ကူညီပို့ဆောင်ခြင်းနှင့်ပတ်သက်၍လည်း ဆက်လက်ကူညီအားဖြည့်သွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။ **လင်းရာမ**




---

**❖ ကျောဖုံးမှ**

ထိုသို့ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက စစ်ဆေးလက်ခံခဲ့ပြီး အဆိုပါကယ်ဆယ်ရေးပစ္စည်းများတွင် မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ Shelter ပြုပြင်ရေးသုံးပစ္စည်းများ၊ မိသားစုတဲ၊ ရေပုံး၊ တာပေါ်လင်၊ ခြင်ထောင်နှင့် ရေသန့်စက် စသည့်အမျိုးအစား ၁၁ မျိုး ပါဝင်သော ကယ်ဆယ်ရေး ပစ္စည်း ၅၅၆၀ ကီလိုဂရမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ AHA Centre မှ မြန်မာနိုင်ငံသို့ ပို့ဆောင်လှူဒါန်းသော ကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးဒဏ်သင့် ဒေသများသို့ ဆက်လက် ဖြန့်ခွဲပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရောက်ရှိလာသောကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများ စစ်ဆေးလက်ခံစဉ်။



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၇**


နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အပါအဝင် အခြားမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲ မရှိစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို လူသားချင်းစာနာထောက်ထားစွာ အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကို ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ပြီး စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိလာနိုင်သည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပြီးနောက် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြန်လည်အစပျိုးအားကောင်းလာနိုင်သည်။

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ရေဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ခဲ့သည့် ဝန်ထမ်းများနေထိုင်ရာ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် မြို့လယ်ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ မြို့ဦးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ နောင်သနေ်ါကျေးရွာနှင့် ကင်းသာလမ်းခွဲတို့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးဝင်းသူနှင့် တာဝန်ရှိသူများ သွားရောက်၍ ရေဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

**❍ ONE Friday မှ**

သွေးသစ်ဝင်းလှိုင်သည် ယင်းပွဲတွင် ပုံမှန်လက်စွမ်းမပြသနိုင်ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ONE Friday Fights 80 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး သွေးသစ်ဝင်းလှိုင် တွဲဆိုင်းကို ပွဲစဉ်(၅)အဖြစ် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထိုင်းဖိုက်တာနှစ်ဦးဖြစ်သော ရတ်ခ်နှင့် ယိုန္ဒန်ချိုင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE Championship**

# အဆိုးထဲက အကောင်းများ

မိုးကေနိုင်

မြန်မာနိုင်ငံမှာ ကပ်ဘေးတစ်ခုခုကြုံတိုင်း အခက်အခဲကြုံရသူတွေကို ကုသိုလ်နဲ့ယှဉ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံအလုပ်တွေ ပြုခွင့်ရကြတာဟာ အဆိုးထဲက အကောင်းတစ်ခုပါပဲ။ အထူးသဖြင့် ဘယ်သူမှ မျှော်လင့်မထား ပြင်းထန်တဲ့ သဘာဝဘေးအန္တရာယ်ကြုံရတဲ့အခါမျိုး၊ အစာရေစာရှားပါးပြီး ငတ်မွတ်ခေါင်းပါးဒဏ်ကြုံရတဲ့အခါမျိုးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ကြုံခဲ့ရသလို လေမုန်တိုင်းဒဏ်၊ ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဒဏ်တွေကြောင့် လူ့အသက်ပေါင်းများစွာနဲ့ အိုးအိမ်စည်းစိမ်တွေ တစ်ခဏလေးအတွင်းမှာ နေ့ချင်းညချင်းထိခိုက်ဆုံးရှုံးရတဲ့ အတွေ့အကြုံများလည်း ကြုံခဲ့ရဖူးပါပြီ။ ဆူပူသောင်းကျန်း စစ်မက်ဘေးဒဏ်နဲ့လည်း ကြုံရဆဲဖြစ်တယ်။ တည်ဆောက်ဖို့ထက် ဖျက်ဆီးဖို့လွယ်နေတဲ့ ဒီခေတ်ကြီးမှာ သောကတွေအပြည့်၊ စိုးရိမ်စိတ်များစွာနဲ့ သွားလာလှုပ်ရှားနေထိုင်ကြရတဲ့ လူတွေအတွက် အလွန့်အလွန်ခက်ခဲတဲ့ အခြေအနေတစ်ခု ဖြစ်နေပါတယ်။

စဉ်းစားကြည့်ပါ။ ရေဘေးကြုံနေချိန် သူတို့တွေ ရေဘယ်လောက်ငတ်နေမလဲ၊ ဘယ်လောက် ဆာလောင်မွတ်သိပ်နေကြမလဲ၊ နေစရာအိမ်မရှိ၊ အလွန်ချမ်းအေးနေတဲ့ အခြေအနေမှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ စားစရာအစာ၊ သောက်စရာ ရေမရှိ၊ စီးစရာဖိနပ်မရှိတဲ့အခြေအနေ၊ ဘယ်မှာလဲ လျှပ်စစ်မီး၊ ဖျားလို့၊ ဝမ်းသွားလို့ သောက်စရာဆေးမရှိ၊ အဆက်အသွယ်လုပ်ဖို့ဖုန်းမရှိ၊ ဆုံးရှုံးသွားရတဲ့တိရစ္ဆာန်တွေ၊ အစစအရာရာ ချို့တဲ့ဆင်းရဲဒုက္ခကြုံဖူးမှ တူညီတဲ့ခံစားမှုချင်း ထပ်တူရမယ့် အခြေအနေပါ။ ကိုယ်ချင်းစာနိုင်မှ နားလည်မှာ၊ ဒီလိုဆိုးရွားတဲ့အခြေအနေကို သူမတူထူးတဲ့ စိတ်ထားတွေနဲ့အရင်းခံပြီး ကူညီဖေးမမှသာ အဆင်ပြေပါမယ်။ ဘယ်လိုစိတ်ဓာတ်စိတ်ထားမျိုးတွေ ဖြစ်သင့်ပါသလဲ…။

## လူပီသပြီး လူသားဆန်တဲ့ စိတ်ထားနဲ့သာ

ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အရင်းခံစိတ်က နူးညံ့သိမ်မွေ့ပါတယ်။ စိတ်ကောင်း စေတနာကောင်းများစွာ ပိုင်ဆိုင်ကြတယ်။ မေတ္တာ၊ ကရုဏာတရားအလွန်ကြီးမားပြီး သူတော်ကောင်းစိတ်ထားနဲ့ အမြဲရိုင်းပင်းကူညီကြတယ်။ စိတ်မကောင်းစရာကို ကိုယ်ချင်းစာထား၊ ထပ်တူထပ်မျှခံစားပြီး အချို့နေရာတွေမှာ အသက်စွန့်ပြီးတောင်ကူညီလေ့ရှိတယ်။

ကိုယ်တိုင်ပါဝင် မလှူဒါန်းနိုင်ရင်တောင် နှုတ်အားဖြင့် အားပေးနှစ်သိမ့်ပေးကြတယ်။ ကူပြီးရင်းကူဖို့ပဲ စဉ်းစားနေအောင်ကို သနားကြင်နာ




ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းမှုကို တွေ့ရစဉ်။

တတ်တဲ့လူမျိုးတွေပါ။ လှူဖို့ပိုက်ဆံတွေစု၊ အဝတ်အထည်၊ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေ စုကြတယ်။ ရှိသမျှ၊ ရသမျှ၊ လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားကို အပြည့်အဝအသုံးချ၊ စနစ်တကျ လှူဒါန်းနိုင်ဖို့ ဦးဆောင်သူက ဦးဆောင်ပြီး နှိုးဆော်တိုက်တွန်းကြတယ်။ လှူတဲ့နေရာမှာလည်း ပီတိသောမနဿ ဝမ်းမြောက်ဝမ်းသာစိတ်နဲ့ ဘယ်သူမှ မတိုက်တွန်းရဘဲနဲ့ကို အပြိုင်အဆိုင်လှူကြတန်းကြတာ၊ အရောင်မရှိ ညီညီညွတ်ညွတ်နဲ့ လှူဒါန်းကြခြင်းဖြစ်တယ်။ ဘုန်းကြီးကျောင်း၊ စာသင်စာချကျောင်းဆောင်တွေ၊ တရားရိပ်သာတွေ၊ စာသင်ကျောင်းတွေဟာ ရေဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးစခန်းတွေအဖြစ် တစ်ခဏချင်း ပြောင်းလဲသွားတယ်။ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ ပရဟိတအဖွဲ့အစည်းတွေကတော့ အမြဲရှေ့ဆုံးကပါသလို မြို့ရွာမလပ် မည်သည့်ဌာနမကျန်၊ နိုင်ငံရေးပါတီတွေ၊ အနုပညာရှင်တွေအပါအဝင် စေတနာအလှူရှင်တွေ၊ ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့တွေရဲ့ အားတက်သရောကူညီမှုက ကဏ္ဍစုံကနေ အလျှိုအလျှိုပေါ်လာတယ်၊ ဒါဟာ နှလုံးသားလှတဲ့ မြန်မာတို့ရဲ့မြန်မာစိတ်ဓာတ်အဖြစ် ညွှန်းဆိုစရာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်မှာ အများဆုံးကူညီပံ့ပိုးမှုက ဒါနအရာဖြစ်ပါတယ်။ ဒါနဆိုတာ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ့်ဥစ္စာစတာတွေကို စွန့်လွှတ်လိုက်ခြင်းဖြစ်ပြီး အကုသိုလ်ဖြစ်တဲ့ လောဘစိတ်ကို လျှော့ပါးသွားစေတယ်၊ တွယ်နေတဲ့အတွယ်အတာကိုလည်း လျှော့သွားစေတယ်။ မူလလောဘစိတ်မရှိမှလည်း စွန့်လွှတ်လှူဒါန်းနိုင်တာ ဖြစ်တဲ့အတွက် လောဘတဏှာက လွတ်စေတဲ့အကျိုးထူးကို ပေးပါတယ်။ ဘာသာလူမျိုး၊ အသွေးအရောင်မခွဲ၊ ကိုယ်မသိဖူးတဲ့လူတွေအတွက် ဒုက္ခဖြစ်နေသူတွေဆိုတဲ့အသိနဲ့ လှူဒါန်းတာဖြစ်တဲ့အတွက် အလွန်ကုသိုလ်အရာမြောက်တဲ့အပြင် အချို့ဆိုရင် မိမိဘေးအန္တရာယ်ရှိတာတောင်မမှု စာဂနဲ့ အသက်ခန္ဓာစွန့်ပြီး ကူညီကယ်ဆယ်တာတွေဟာ အလွန်ပဲ ကုသိုလ်တရားကြီးမားလှပြီး နောင်သံသရာ အဆက်ဆက်အတွက်လည်း ဒီကောင်းမှုတွေဟာ ကောင်းကျိုးသက်ရောက်နေမှာ ဖြစ်ပါတယ်။

## လူသားဆန်စွာ လူပီသဖို့လည်းလို

ကုသိုလ်နဲ့ယှဉ်ပြီး အကုသိုလ်အမှုတွေဟာလည်း အမြဲကပ်ငြိပါလာတတ်တာဟာ သဘာဝပါ။ အရေးကြီးတာက လူအများ ဒုက္ခရောက်ချိန်မှာ ကိုယ်ကျိုးအတ္တကို ရှေ့တန်းမတင်မိအောင် အမနာပ ကောလာဟလတွေ မပြောမိ၊ မဖြန့်မိအောင်၊ အပူကိုအပူထပ်မဆင့်မိအောင် သတိထားကြဖို့ပါ၊ တောမီးလောင်ရင် လက်ခမောင်းခတ်တဲ့ တောကြောင်တွေရဲ့အပြုအမူကို အားမပေးမိအောင် ဂရုပြုကြရပါမယ်၊ ကုသိုလ်ပြုကြတဲ့အထဲ ကိုယ်တိုင်မပါမိရင်တောင် အကုသိုလ်စိတ်မဖြစ်အောင် သူများအကုသိုလ် ကိုယ်မယူမိအောင်သတိကပ်ပြီး ကုသိုလ်ပြုနေသူတွေအပေါ် သာခုခေါ်နိုင်ရပါမယ်။ အရေးကြီးပြီး ဖြစ်လေ့ဖြစ်ထရှိတဲ့ အကုသိုလ်စိတ်တွေက မနာလိုဝန်တိုစိတ်နဲ့ သူများကို သေကျေလိုစိတ်၊ သူများဥစ္စာပျက်စီးလိုစိတ်များပဲ ဖြစ်ပါတယ်။ လောဘနဲ့လည်းယှဉ် ဒေါသနဲ့လည်းယှဉ်ပါတယ်၊ ကိုယ့်ဆီမဝင်အောင်သတိပြုရမယ့် အကုသိုလ်စိတ်တွေပါပဲ။

အပြုသဘောစဉ်းစားရင် အဆိုးကနေအကောင်းဖြစ်သွားနိုင်တာတွေ အများကြီးတွေ့ရပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့စိတ်ထားတွေ၊ ခံယူချက်တွေ ပြောင်းလဲသွားနိုင်ပါတယ်၊ အားနည်းနေနိုင်တဲ့ မေတ္တာ၊ ကရုဏာ စတဲ့ သူတော်ကောင်းစိတ်ထားတွေ တိုးလာမယ်၊ ရှိနေတဲ့ အမုန်းတွေ၊ အာဃာတတွေ ပျောက်ကွယ်သွားနိုင်တယ်၊ ကိုယ်ချင်းစာ စာနာသနားစိတ်ကတစ်ဆင့် ပရဟိတစိတ်တွေ ကိန်းအောင်းလာနိုင်တယ်၊ ရှေ့တန်းက တက်တက်ကြွကြွ ပါဝင်နေသူတွေအပေါ် အားကိုးယုံကြည်မှုတွေ ပိုတိုးလာမယ်၊ ကျေးဇူးတင်တတ်လာမယ်။ ဒီလို စိတ်ဓာတ်တွေကတစ်ဆင့် အနီ၊ အစိမ်း၊ အဝါ ကာလာစုံအနေအထားကနေ တစ်ရောင်တည်း တစ်သွေးတည်းဆိုတဲ့ခံယူချက် ထိုကတစ်ဆင့် အားလုံးပြန်လည်ညီညွတ်ရေးဆိုတဲ့ စုစည်းသွေးစည်းလိုတဲ့ စိတ်ဓာတ် စသဖြင့် ထိုအရာတွေဟာ ကောင်းတဲ့ လက္ခဏာတွေဖြစ်တဲ့အတွက် အခွင့်အလမ်းတစ်ခုအဖြစ် တိုးပွားအောင် ကြိုးစားကြပါစို့၊ တစ်ပါးသူဒုက္ခရောက်မှ ကိုယ်အဆင်ပြေမယ့်အထဲ မပါအောင်နေခြင်းဖြင့်လည်း လူ့အဖွဲ့အစည်းအတွင်း လူသားဆန်တဲ့လူပီသတဲ့စိတ်တွေ ကိန်းအောင်းလာစေဖို့ရန် အထောက်အကူပြုကြရအောင်လား…။

## အတွေ့အကြုံကနေ
## သင်ခန်းစာယူစရာအမြောက်အမြား

ကျွန်တော်တို့တစ်တွေ ယခုလို ရေကြီးရေလျှံအဖြစ်ဆိုးကနေ သင်ခန်းစာယူစရာတွေ အမြောက်အမြားရရှိပါလိမ့်မယ်။ တွေးမိတာတစ်ခုက ငါတို့မြန်မာနိုင်ငံမှာ ရောဂါကပ်ဆိုးကြီးပြီးတော့ စစ်မက်ဘေးတွေ ကြုံနေရတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် မငြိမ်းချမ်းတဲ့ဒေသတွေလည်း ရှိနေတယ်၊ တိုက်ခိုက်မှုတွေမရှိဘဲ တည်ငြိမ်အေးချမ်းတဲ့ဒေသတွေလည်းရှိတယ်။ ယခု သဘာဝဘေးကြီးမှာ ငြိမ်းချမ်းတဲ့ဒေသက ပြည်သူတွေက ငြိမ်းချမ်းတဲ့ဒေသက ဒုက္ခရောက်နေသူတွေကိုသာ အဓိကလှူနိုင်ကြ၊ ကူညီနိုင်ကြတာတွေ့ရတယ်။ သူတို့လှူနိုင်ပံ့ပိုးနိုင်တာက ငြိမ်းချမ်းတဲ့ အဖြူရောင်နယ်မြေကဖြစ်လို့ မငြိမ်းချမ်းတဲ့ အမည်းအညို ဖြစ်နေရင် ဘယ်လိုကူညီနိုင်ပါ့မလဲ၊ ဒါကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းခြင်းဟာ အလွန်ကို အရေးကြီးပါတယ်။ ကမ္ဘာတစ်ဝန်း သဘာဝကပ်ဘေးကြီးတွေက ယခုလည်း လာဆဲဖြစ်သလို နောင်လည်း ကြုံနေရဦးမှာပါ၊ ရင်ဆိုင်ရဦးမှာပါ။ ဒေသတစ်ခုမှာ ကပ်ဘေးသင့်ရင် ပြည်ထောင်စုတစ်ဝန်းရှိ ကျန်ဒေသအားလုံးက ပြည်သူတွေအားလုံး ညီညီညွတ်ညွတ်နဲ့ ပါဝင်ကူညီနိုင်ကြရင် ပိုပြီးအားရှိမှာပေါ့၊ ထိခိုက်ဆုံးရှုံးမှုပိုနည်းပြီး ပိုပြီးလည်း ထိရောက်နိုင်မယ်။

စာမျက်နှာ ၁၁ သို့ ☆

> ❝ အပြုသဘောစဉ်းစားရင် အဆိုးကနေ အကောင်းဖြစ်သွားနိုင်တာတွေ အများကြီးတွေ့ရပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့စိတ်ထားတွေ၊ ခံယူချက်တွေ ပြောင်းလဲသွားနိုင်ပါတယ်၊ အားနည်းနေနိုင်တဲ့ မေတ္တာ၊ ကရုဏာ စတဲ့ သူတော်ကောင်းစိတ်ထားတွေ တိုးလာမယ်၊ ရှိနေတဲ့ အမုန်းတွေ၊ အာဃာတတွေ ပျောက်ကွယ်သွားနိုင်တယ်၊ ကိုယ်ချင်းစာ စာနာသနားစိတ်ကတစ်ဆင့် ပရဟိတစိတ်တွေ ကိန်းအောင်းလာနိုင်တယ်၊ ရှေ့တန်းက တက်တက်ကြွကြွ ပါဝင်နေသူတွေအပေါ် အားကိုးယုံကြည်မှုတွေ ပိုတိုးလာမယ်၊ ကျေးဇူးတင်တတ်လာမယ်။ ဒီလို စိတ်ဓာတ်တွေကတစ်ဆင့် အနီ၊ အစိမ်း၊ အဝါ ကာလာစုံအနေအထားကနေ တစ်ရောင်တည်း တစ်သွေးတည်းဆိုတဲ့ခံယူချက် ထိုကတစ်ဆင့် အားလုံးပြန်လည်ညီညွတ်ရေးဆိုတဲ့ စုစည်းသွေးစည်းလိုတဲ့ စိတ်ဓာတ် စသဖြင့် ထိုအရာတွေဟာ ကောင်းတဲ့ လက္ခဏာတွေဖြစ်တဲ့အတွက် အခွင့်အလမ်းတစ်ခုအဖြစ် တိုးပွားအောင် ကြိုးစားကြပါစို့ ❞



အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းလျက်ရှိသည်ကို တွေ့ရစဉ်။

# ကေတုမတီသီတဂူဗုဒ္ဓတက္ကသိုလ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**တောင်ငူ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ယမန်နေ့မွန်းလွဲပိုင်းက ကေတုမတီသီတဂူဗုဒ္ဓတက္ကသိုလ်ရှိရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူးရုံးမှ ရေဘေးသင့်ပြည်သူများအတွက် လူတစ်ဦးလျှင် ခေါက်ဆွဲခြောက်တစ်ထုပ်နှုန်းနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၄၂၀၀ နှုန်းဖြင့် ၂၁၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၉၁၁၄၀၀ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့ လှည်းကူးမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒက ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲရေးရုံးကို အလှူငွေကျပ် သိန်း ၁၅၀ (ကိုယ်စား) လှူဒါန်းရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က ပေးအပ်ပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က သီတဂူဗုဒ္ဓတက္ကသိုလ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ခရိုင်သာသနာရေးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**


# တံတားဦးမြို့နယ် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)၏ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**တံတားဦး စက်တင်ဘာ ၁၇**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ( မန္တလေး )မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး) မှ ရဲမှူးကြီး ထွန်းမြတ်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက သွေးလှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး) ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)ရဲမှူးကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေကြသည့် တပ်ဖွဲ့ဝင် ၁၆ ဦးအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# ပန်းတောင်းမြို့နယ်၌ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် လှိုင်တင့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

ထို့နောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် လှိုင်တင့်၊ အမှတ်(၉) ကာကွယ်ရေးပစ္စည်းစက်ရုံမှူး ဗိုလ်မှူးကြီးတင်မောင်ချို၊ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရ၊ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြု Mobile Tablet နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခန်းမနှင့် အထက (ပန်းတောင်း) ကျောင်းခန်းမတို့၌ စာရင်းကောက်/စာရင်းစစ် သင်တန်းသား သင်တန်းသူ ၁၇၄ ဦးအား သင်တန်းနည်းပြကိုးဦးတို့က စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ၁၀ ရက်တာ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

ရန်ကင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၁၄) ရပ်ကွက် မိုးကောင်းဘုရားဝင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပစဉ်။

လှလှထွေး(ပြန်/ဆက်)



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

☆ စာမျက်နှာ ၁၀ မှ

ကပ်ဘေးသင့်ပြည်သူတွေကို ပိုကယ်တင်နိုင်မယ်၊ စားဝတ်နေရေး ပိုစီစဉ်ပေးနိုင်မယ်၊ နိုင်ငံတော်အနေနဲ့လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ မြန်မြန်ဆန်ဆန် ဦးစားပေးလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

နောက်သင်ခန်းစာတစ်ခုက ခံယူချက်အပိုင်း။ မူလရောင်စုံကာလာ အနေအထားတစ်ခုကနေ တစ်သွေးတည်း၊ တစ်ရောင်တည်း၊ တစ်စိတ်တည်း အနေအထားတစ်ခုကို ဖျတ်ခနဲသတိထားမိရာကနေ ရှေ့ရှည်ရင်ကြားစေ့ရေး အခြေခံကောင်းလေးတစ်ခုများ ဖန်တီးနိုင်လေမလား တွေးမိတယ်။ ယခုလို ညီညွတ်မှုအစိတ်အပိုင်းလေးတစ်ခုကို ကောင်းတဲ့ဘက်မှာ အသုံးချနိုင်မယ့် အခွင့်အလမ်းတစ်ခုအဖြစ် မြင်ကြည့်မယ်ဆိုရင် သဘာဝဘေးအန္တရာယ်မှန်သမျှ ရင်ဆိုင်နိုင်မယ့်အပြင် စစ်ဘေးသတ္တန္တရကပ်ကိုလည်းရပ်တန့်နိုင်မယ်၊ ယခင်ထက်ပိုပြီး ကောင်းမွန်တဲ့ဝန်းကျင်တစ်ရပ်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိတယ်။

နောက်ထပ်သင်ခန်းစာတစ်ခုက ခါးသီးတဲ့ အတွေ့အကြုံကြရလိုက်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာ၊ အရင်းအနှီးကြီးကြီးနဲ့ရလိုက်တဲ့ သင်ခန်းစာပါ၊ မမျှော်လင့်ဘဲရောက်လာတတ်တဲ့ ဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲ၊ ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ကြိုတင်ပြင်ဆင်မှုက အရေးကြီးပါတယ်။ မိုးလေဝသသတင်း နားစွင့်မယ်၊ အစားအသောက်၊ ရေ၊ ဆေးဝါး ဘယ်လိုစုထားမလဲ၊ အရေးကြီးပစ္စည်းတွေ ဘယ်ကိုရွှေ့ထားမလဲ သိသွားပါပြီ၊ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်ကအစ အန္တရာယ်ဖြစ်နိုင်မယ့်နေရာတွေရှောင်ဖို့ အရေးပေါ်ပြောင်းရွှေ့ရမယ့်နေရာတွေ၊ လမ်းကြောင်းတွေ ကြိုတင်မှတ်သားထားရပါပြီ။ မလိုအပ် မသွားသင့်တဲ့နေရာမသွားမိဖို့လည်းလိုတယ်၊ အသက်ကယ်အင်္ကျီ၊ ဖောကွင်း၊ လေလုံပိတ်ပုံးအလွတ်၊ ငှက်ပျောတုံး၊ သစ်တုံး၊ ကားတာယာကအစ အသက်ကယ်ပစ္စည်းတွေ ကြိုတင်ရှာဖွေသိမ်းဆည်းထားဖို့တွေ လျှပ်စစ်ပစ္စည်းတွေ သတိထားကိုင်တွယ်ဖို့ကအစ မြွေ စတဲ့အဆိပ်ရှိတဲ့သတ္တဝါတွေရန်က ကာကွယ်နိုင်ဖို့တွေလိုအပ်ကြောင်း သင်ခန်းစာရလိုက်ပါပြီ။

နောက်ထပ်သင်ခန်းစာက သံဝေဂဆင်ခြင်မှုပါတဲ့ တရားသဘော၊ လက်တွေ့ပြနေတဲ့ ဘာမှအစိုးမရ မမြဲတဲ့ ဖြစ်ပျက်သင်္ခါရသဘော၊ ကိုယ်ချစ်ရတဲ့သူနဲ့ ကွေကွင်းရတယ်၊ ကိုယ်နှစ်သက်တဲ့ဥစ္စာပစ္စည်းတွေဆုံးရှုံးရတဲ့ ဆင်းရဲခြင်းရဲ့တည်ရာတွေကိုမြင်ရင် ကိုယ့်ကိုယ်ကိုယ်ရော ပတ်ဝန်းကျင်ကိုပါ ဒုက္ခပေးတတ်တဲ့ ဥပါဒါန်အစွဲတွေလည်း လျှော့တန်ကောင်းရဲ့လို့ ဆင်ခြင်မိတယ်။ ယခုလို သောက၊ ပရိဒေဝဆိုတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ ငိုကြွေးခြင်း သင်္ခါရဒုက္ခတွေ၊ ဒုက္ခဒေါမနဿဆိုတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတွေ၊ နောက်ဆုံး ဆိုးရွားလှတဲ့ပြင်းစွာသော ပူလောင်နာကျင်မှုအားလုံးအားလုံးဟာ ဒုက္ခ၊ ဒုက္ခအစစ် ဆင်းရဲခြင်းအစစ်တွေပါပဲလား… ခံယူပြီး နှလုံးသွင်းလာတတ်ရင် အကုသိုလ်ကနေ ကုသိုလ် ပြောင်းပြီပေါ့။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ မြတ်သောဗြဟ္မစိုရ်တရားများကြောင့် မြင်မြင်သမျှခံစား၊ တွေ့တွေ့သမျှ အပြစ်မြင်တတ်တဲ့စိတ်တွေ လျှော့ပါးသွားနိုင်တာကလည်း အမြတ်တစ်ခုပါ။ ဒီတရားသဘောလေးအခြေခံပြီး နောင်မှာ ကိုယ်တွေး၊ ကိုယ်ပြော၊ ကိုယ်လုပ်တာကိုင်တာတွေကို ဆင်ခြင်နိုင်ကောင်းရဲ့လို့တွေးပြီး ကုသိုလ်ဖြစ်မယ့်ကိစ္စတွေ များများလုပ်လာပြီး အကုသိုလ်တွေကနေ ဖယ်ခွာနိုင်မယ်လို့ ဆင်ခြင်မိလာတယ်။

ကုသိုလ်တွေပိုတိုးလုပ်လေ ယခုလို အကုသိုလ်အနိဋ္ဌာရုံတွေကနေ ပိုဝေးလေပေါ့၊ တစ်ဦးတစ်ယောက်ချင်းကနေ သူတော်စိတ်ထား လူအများကပါ လိုက်ပါလာရင် အများညီတော့ ပွဲစည်ဆိုသလို လူကောင်းတွေများတဲ့ ကုသိုလ်ဝန်းကျင်တွေဖြစ်လာမယ်။ တည်ငြိမ်အေးချမ်းသာယာသန့်ရှင်းတဲ့ လောကတစ်ခုကိုလည်း လက်တွေ့ပါတဲ့ တရားသဘောကတစ်ဆင့် ဖန်တီးနိုင်လာနိုင်မယ်လို့ စွဲမြဲစွာ ယုံကြည်လိုက်မိပါတယ်။ ။

# ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ ရင်ဆိုင်နေရပြီလား

**အလင်းသစ်**



ချက်သမ္မတနိုင်ငံ ဂျီဆီနစ်ဒေသ၌ ဘောရစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ရာသီဥတုပြောင်းလဲမှုသည် လူသားမျိုးနွယ်များ ရင်ဆိုင်နေရသော အကြီးမားဆုံးခြိမ်းခြောက်မှု ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကြောင့် လေထုညစ်ညမ်းမှု၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ ပြင်းထန်သော ရာသီဥတုအခြေအနေများကြောင့် မဖြစ်မနေနေရာရွှေ့ပြောင်းရမှု၊ စိတ်ကျန်းမာရေးအပေါ် ဖိအားများသက်ရောက်မှုနှင့် အစားအစာအလုံအလောက် မရရှိနိုင်သော နေရာများတွင် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုများကြောင့် ကျန်းမာရေးကို ထိခိုက်နေရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**သိသိသာသာမြင့်တက်**

ရာသီဥတုပြောင်းလဲခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် အကျိုးသက်ရောက်မှုများစွာရှိပြီး ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာပေါ်တွင် မြင်သာထင်သာရှိသော သက်ရောက်မှုများရှိနေပြီဖြစ်သည်။ လက်ရှိကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် အဓိကဖြစ်ပေါ်သည့် ဆိုးကျိုးများသည် အပူလှိုင်းများ ကျရောက်မှု၊ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုနှင့် မီးလောင်ကျွမ်းမှု အန္တရာယ်တို့ဖြစ်ပြီး အဆိုပါဘေးအန္တရာယ်တို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများထိခိုက်သေဆုံးဒဏ်ရာရရှိမှုအပြင် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများသည်လည်း သိသိသာသာမြင့်တက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးထိခိုက်ပျက်စီးမှုများတွင် လူနေအိမ်ရာများ၊ စာသင်ကျောင်းများ၊ စက်ရုံများ၊ လမ်းများ၊ ဆည်များနှင့် တံတားများကဲ့သို့သော အခြေခံအဆောက်အအုံများ ဆုံးရှုံးမှုအပါအဝင် အသက်အန္တရာယ်ဆုံးရှုံးခြင်း၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးခြင်းနှင့်ကျောင်းပညာရေးကိုနှောင့်နှေးကြန့်ကြာစေနိုင်သည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများပျက်စီးခြင်းတို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များလည်း ဆုံးရှုံးရလေ့ရှိသည်။

**အာရှနိုင်ငံများ**

အဆိုပါ သဘာဝဘေးအန္တရာယ်များအနက် လက်ရှိအချိန်တွင် ရေကြီးရေလျှံမှုအန္တရာယ်ကို ကမ္ဘာတစ်ဝန်းတွင် ရင်ဆိုင်နေရသည်။ လတ်တလော ဖိလစ်ပိုင်၊ တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်းအပါအဝင် အာရှနိုင်ငံအများအပြား၌ တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုများကို ခံစားခဲ့ရပြီး အဆိုးရွားဆုံး တိုင်ဖွန်းမုန်တိုင်းရာဂီ၏ ရိုက်ခတ်မှုဒဏ်ကို ခံစားရသည့်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် အရှေ့တောင်အာရှဒေသရှိ လူသန်းပေါင်းများစွာသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် အန္တရာယ်များကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်းရာဂီသည် ယခုနှစ်တွင် အာရှတိုက်တွင်ဖြစ်ပွားခဲ့သည့် မုန်တိုင်းများအနက် အပြင်းထန်ဆုံး အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းနှင့် ကမ္ဘာပေါ်တွင် ဟာရီကိန်းဘာရယ်ဖြစ်ပွားခဲ့ပြီးနောက် ဒုတိယအပြင်းထန်ဆုံးမုန်တိုင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ဗီယက်နမ်နိုင်ငံ၌ သေဆုံးသူ စုစုပေါင်း ၃၀၀ ကျော် ရှိသွားပြီဖြစ်ပြီး လူနေအိမ်ခြေ ၂၃၀၀၀၀ ကျော် ပျက်စီးခဲ့ကာ ကောက်ပဲသီးနှံ ဟက်တာ ၂၈၀၀၀၀ ပျက်စီးခဲ့သည်။ အဓိကကုန်ထုတ်လုပ်မှု အချက်အချာကျသော နေရာများ အကြီးအကျယ် ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော အဝေးပြေးလမ်းမများကို ပြုပြင်ရန် ဗီယက်နမ်ဒေါင် ၂ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၃ သန်း)ခန့် လိုအပ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်ခဲ့သည့် နိုင်ငံများတွင် သေဆုံးဒဏ်ရာရသူနှင့် ပျောက်ဆုံးသူ အရေအတွက်လည်း ထပ်မံတိုးလာဖွယ်ရှိနေကြောင်း သိရသည်။



ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်တိုက်ခတ်စဉ်။

တိုင်ဖွန်းမုန်တိုင်းရာဂီသည် ဗီယက်နမ်၊ ထိုင်းနှင့် လာအိုတို့ကို စက်တင်ဘာ ၁၇ ရက်အစောပိုင်းက ထပ်မံဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် ၃၀၀ ကျော်၊ ထိုင်းတွင် ၄၃ ဦးနှင့် လာအိုတွင် လေးဦး သေဆုံးခဲ့ကြောင်း အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းရေးဗဟိုဌာနမှ သိရသည်။ ထို့ပြင် အဆိုပါမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ၂၁ ဦး သေဆုံးပြီး ၂၆ ဦး ပျောက်ဆုံးခဲ့သည်။

**ဥရောပဒေသ**

ထို့ပြင် ဥရောပဒေသတွင်လည်း ဘောရစ်မုန်တိုင်းဝင်ရောက်လျက်ရှိပြီး အဆိုပါမုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုဒဏ်ခံစားရလျက်ရှိသော ဥရောပအလယ်ပိုင်းရှိ ဒေသများတွင်လည်း သေဆုံးသူဦးရေ မြင့်တက်လျက်ရှိကြောင်းသိရသည်။ စက်တင်ဘာ ၁၇ ရက်တွင် ပိုလန်နိုင်ငံ Nysa မြို့၌ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဆလိုဗက်ကီးယားနှင့် ဟန်ဂေရီနိုင်ငံတို့တွင် မြစ်ရေမြင့်တက်လျက်ရှိချိန်တွင် ချက်သမ္မတနိုင်ငံရှိ မြစ်များရေလျှံခြင်းကြောင့် ကမ်းပါးများပြိုကျကာ ဩစတြီးယားနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့တွင်လည်း ရေလွှမ်းမိုးမှုများရှိသည်။

ချက်သမ္မတနိုင်ငံနှင့် ပိုလန်နိုင်ငံနယ်စပ်ဒေသတို့သည် အဆိုးရွားဆုံးထိခိုက်မှုဖြင့် ကြုံတွေ့ခဲ့ရပြီး မြစ်ရေများလျှံတက်ကာ တံတားများပြိုကျခြင်းနှင့် လူနေအိမ်များ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဘောရစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်သည့် ရေကြီးမှုကြောင့် ပိုလန်နိုင်ငံအနောက်တောင်ပိုင်းရှိ လူ ၄၀၀၀၀ ကျော် နေထိုင်သည့် Nysa မြို့တစ်ဝိုက်တွင် ကျိုးကျနေသော တာတမံများတည်ဆောက်ရန် စေတနာ့ဝန်ထမ်းများနှင့် ကယ်ဆယ်ရေးလုပ်သားများက သဲအိတ်များချကာ နေ့ချင်းညချင်း ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ချက်သမ္မတနိုင်ငံအလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်လျက်ရှိကြောင်း သိရသည်။

**မိုးပိုလာမည်ဟု ခန့်မှန်းထား**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အဆိုအရ စက်တင်ဘာ ၁၇ ရက်အထိ သေဆုံးသူ ၃၄၁ ဦးထက်မနည်း၊ အနည်းဆုံးလူ ၁၄၉၅၉၆၉ ဦးနှင့် အိမ်ခြေ ၂၆၅၅၉၀ ပျက်စီးခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အတွင်း ချက်နိုင်ငံတောင်ပိုင်းဒေသ၌ မိုးပိုလာမည်ဟုလည်း ခန့်မှန်းထားကြောင်း သိရသည်။

ထို့ပြင် အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အဆိုအရ စက်တင်ဘာ ၁၆ ရက်အထိ လူပေါင်း ၆၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၁၈ ဦး ဒဏ်ရာရရှိကာ မာလီနိုင်ငံရှိ ဒေသ ၁၉ ခုတွင် ကလေးငယ် ၇၁၉၄၆ ဦး အပါအဝင် လူပေါင်း ၁၇၉၉၄၉ ဦး ထိခိုက်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များအနက် ရေကြီးရေလျှံမှုအန္တရာယ်ဖြစ်ပွားမှုသည် အများဆုံးဖြစ်နေပြီး ပြည်သူများထိခိုက်သေဆုံးမှုအပါအဝင် စီးပွားရေးဆုံးရှုံးမှုများမြင့်တက်လာမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သတင်းအရင်းအမြစ်များက ဖော်ပြထားသည်။

# ဥရောပဒေသနိုင်ငံများ၌ ဘောရစ်မုန်တိုင်း ကာကွယ်ရေးအစီအမံများဆောင်ရွက်

**ဗီယင်နာ စက်တင်ဘာ ၁၇**

ဥရောပဒေသ နိုင်ငံများ၌ ဘောရစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသတွင်းနိုင်ငံများရှိ အစိုးရများကလည်း ယင်းမုန်တိုင်း ဘေးအန္တရာယ်ကာကွယ်ရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်နေကြောင်း သိရသည်။



**အနီရောင်သတိပေးချက်**

လက်ရှိ အချိန်အထိ ဩစတြီးယား၊ ချက်သမ္မတနိုင်ငံ၊ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့တွင် မိုးလေဝသဆိုင်ရာ အနီရောင်သတိပေးချက်ကို ထုတ်ပြန်ထားပြီး ဒေသခံထောင်ပေါင်းများစွာအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်။ ပိုလန်နိုင်ငံ၌ ရေကြီးရေလျှံမှု ဖြစ်ပွားသည့်ဒေသများအား ပိုလန်ငွေ တစ်ဘီလီယံကို ဝန်ကြီးချုပ် ဒေါ်နယ်တစ်က ထောက်ပံ့ပေးအပ်ခဲ့သည်။

သဘာဝဘေးသင့်ဒေသများကို ထောက်ပံ့ပေးရန်အတွက် အစိုးရက ဘတ်ဂျက်များ ပြင်ဆင်သတ်မှတ်မည်ဟု ဘဏ္ဍာရေးဝန်ကြီး ဇက်ဗိုင်နက် စတန်ဂျူယာက ပြောကြားသည်။

လက်ရှိအချိန်တွင် ဝင်ရောက်တိုက်ခတ်သည့် ဘောရစ်မုန်တိုင်းသည် ယခင်ဆယ်စုနှစ် နှစ်ခုခန့်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းများထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုပြင်းထန်ကြောင်း ကလိုင်းမိတ်မီတာအမည်ရှိ ရာသီဥတုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က သတိပေးပြောကြားသည်။

ပိုလန်နိုင်ငံ နိုင်ဆာမြို့တွင် ဘောရစ်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံများအား တပ်မတော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

လက်ရှိအချိန်တွင် ဒန်နြူဗ်မြစ်ရေ မြင့်တက်လာသဖြင့် ဟန်ဂေရီနိုင်ငံမှ တပ်မတော်သား ၁၂၀၀၀ ခန့်အား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးထားသည်။

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် ဒန်နြူဗ်မြစ်ရေ မြင့်တက်လာမှုကြောင့် မြို့တွင်းသို့ ရေဝင်ရောက်မှုမှ ကာကွယ်ရန် သဲအိတ်များ ထားရှိခဲ့သည်။

ဂျာမနီနိုင်ငံ ဆက်ဆိုနီနှင့် ဗာဗေးရီးယား ဒေသတို့တွင် အဆိုပါ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ဒေသခံများအား တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အနာဂတ်ကာလတွင် ရာသီဥတုဆိုင်ရာ ဖြစ်စဉ်များကို ကြိုတင်ကာကွယ်ရေးအတွက် မြှင့်တင်ဆောင်ရွက်မည်ဟု ဂျာမနီနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - အီးတီအီးအမ်**
**အေအေဒီနယူးစ်**
**ဘာသာပြန် - စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံသို့ ၁၂ လအတွင်း နိုင်ငံခြားသားခရီးသွား ၉၀၀၀ ခန့် ဝင်ရောက်ခဲ့

**ကဘူးလ် စက်တင်ဘာ ၁၇**

လွန်ခဲ့သည့် ၁၂ လအတွင်း အာဖဂန်နစ္စတန်သို့ နိုင်ငံခြားသားခရီးသွား ၉၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း နိုင်ငံ၏ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြသည့် အချက်အလက်များအရ သိရသည်။

ခန့်မှန်းခြေအားဖြင့် နိုင်ငံခြားခရီးသွား ၉၀၀၀ နှင့် ပြည်တွင်းခရီးသွား ကိုးသန်းခန့်သည် အာဖဂန်နစ္စတန်၏ အပန်းဖြေနေရာများနှင့် သမိုင်းဝင်နေရာများကို လည်ပတ်ခဲ့ကြသည်။

ထို့ပြင် လွန်ခဲ့သည့် ၁၂ လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်လေဆိပ်နှင့် နယ်စပ်အကောက်ခွန်များတွင် သမိုင်းဝင်ရှေးဟောင်းပစ္စည်း ၄၁၆ ခု မှောင်ခိုကူးခြင်းကို တားဆီးနိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အိမ်စောင့်အစိုးရသည် နိုင်ငံတွင်းသို့ နိုင်ငံခြားခရီးသွားများအား ပိုမိုဆွဲဆောင်ရန်အတွက် ဟိုတယ်များ တည်ဆောက်ခြင်းနှင့် သမိုင်းဝင်နေရာများတွင် ခရီးသွားများအတွက် အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း အပါအဝင် အခြားသော ဝန်ဆောင်မှုများ ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ထိုင်းနိုင်ငံ၌ ရေဘေးသင့်အိမ်ထောင်စု ၃၀၀၀၀ ကျော်ရှိလာ

**ဗန်ကောက် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံ၌ ပြည်နယ် ၁၂ ခုတွင် အိမ်ထောင်စု ၃၀၀၇၃ စုခန့် ရေဘေးသင့်နေကြပြီး အများစုသည် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်များမှဖြစ်ကြောင်း ယနေ့ ဗန်ကောက်ပို့စ် သတင်းတစ်ရပ်အရ သိရသည်။



မြောက်ပိုင်းဒေသရှိ ပြည်နယ်အချို့တွင် ရေလွှမ်းမိုးမှုများရှိနေပြီး ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ထပ်ဖြစ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်များက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ပြည်နယ် ၂၈ ပြည်နယ်တွင် ရေဘေးကြုံတွေ့ခဲ့ရပြီး ၄၃ ဦး သေဆုံးကာ ၂၄ ဦး ဒဏ်ရာရခဲ့ကြောင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ချိုင်ဝတ်ချန်တီယာပွန်က ပြောကြားသည်။

လာမည့်ရက်များအတွင်း နိုင်ငံအရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် မိုးကြီးနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား - ဗန်ကောက်ပို့စ်**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ တိုင်ဖွန်းမုန်တိုင်းများ ထပ်မံတိုက်ခတ်လာနိုင်

**ဟနွိုင်း စက်တင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် စက်တင်ဘာလ မကုန်မီအချိန်အတွင်း တိုင်ဖွန်းမုန်တိုင်းများ နောက်ထပ်ဝင်ရောက်တိုက်ခတ်လာနိုင်ပြီး မုန်တိုင်းများတိုက်ခတ်မှု၏ အကျိုးဆက်ကို ခံစားလာရနိုင်ကြောင်း အမျိုးသားအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ယမန်နေ့တွင် သတိပေးပြောကြားသည်။

လက်ရှိအချိန်တွင် ယင်းမုန်တိုင်းများသည် တောင်တရုတ်ပင်လယ်တွင် အားယူနေပြီး ဗီယက်နမ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းသို့ ဝင်ရောက်လာနိုင်ကြောင်း အဆိုပါဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

နိုင်ငံအလယ်ပိုင်းတွင် အောက်တိုဘာနှင့် နိုဝင်ဘာလတို့အတွင်း မြေပြိုမှုများဖြစ်လာနိုင်သည်ဟု ယင်းဝန်ကြီးဌာနက သတိပေးထားသည်။ မကြာသေးမီအချိန်ကလည်း တိုင်ဖွန်းမုန်တိုင်းယာဂီ ဝင်ရောက်တိုက်ခတ်မှုကြောင့် ကွန်နင်းပြည်နယ်ရှိ ယူနက်စကို ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဟာလောင်းပင်လယ်အော်ဒေသတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွား၍ ၃၀၀ ကျော်သေဆုံးပြီး ၃၈ ဦးပျောက်ဆုံးကာ အိမ်ခြေ ၇၃၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။ နိုင်ငံမြောက်ပိုင်း တောင်တန်းဒေသများဖြစ်သည့် လာအိုကိုင်၊ ယန်ဗိုင်းနှင့် ကာအိုဗန်ဒေသတို့တွင် မြေပြိုမှုများဖြစ်လာနိုင်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဗီအင်န်အိတ်ပရက်စ်**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်ပထမလ ရှစ်လအတွင်း ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၈ သန်းကျော်ရရှိ

**ဖနောင်ပင် စက်တင်ဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမရှစ်လပတ်တွင် သဘာဝရော်ဘာစေးတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၂၈ ဒသမ ၃ သန်း ရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလက ဝင်ငွေအမေရိကန်ဒေါ်လာ ၂၈၄ ဒသမ ၁ သန်းရရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၅ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်သည့် တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရော်ဘာတန်ချိန် ၂၀၉၇၃၃ တန် တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူ ကာလက တန်ချိန် ၂၀၅၁၆၈ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ၂ ဒသမ ၂၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာညွှန်ကြားမှုဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရော်ဘာအစေးတစ်တန်၏ ပျမ်းမျှတန်ဖိုးသည် ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၅၆၅ ဒေါ်လာရှိပြီး ယမန်နှစ် အလားတူကာလထက် ကန်ဒေါ်လာ ၁၈၀ ခန့် ပိုများကြောင်း ရော်ဘာ အထွေထွေညွှန်ကြားရေးမှူးရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ခွန်ကာဒါက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာထုတ်ကုန်ပစ္စည်းများကို မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ အဓိကတင်ပို့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံသည် စုစုပေါင်းဧရိယာ ၄၀၇၁၇၂ ဟက်တာတွင် ရော်ဘာပင်များ စိုက်ပျိုးထားကြောင်း သိရသည်။



**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာရှိ တောင်သူများသည် တောင်ယာလုပ်ငန်း လုပ်ကိုင်ရန်အတွက် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဒေသခံ ပြည်သူ အမျိုးသမီး ၁၂ ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကြွယ်ပုံ ကျေးရွာအတွင်း၌ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိ သည့် ဒေသခံပြည်သူများသည် တောင်ယာလုပ်ငန်းများဆောင်ရွက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၁၃၀၀ ခန့်အကွာသို့ အရောက်၌ ပြည်ဖျက် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့်အတွက် ရက်စက်ယုတ်မာစွာဖြင့် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ဒေသခံ ပြည်သူ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည်များ ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အဆိုပါအကြမ်းဖက်သမားများအား ထက်ကြပ်လိုက်လံချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများအတွင်းဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား အဆင်အခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဧပြီလတွင်လည်း PDF အမည်ခံအကြမ်းဖက်သမား များက အဆိုပါကြွယ်ပုံကျေးရွာအား Drop Bomb များ ပစ်ချတိုက်ခိုက် ခဲ့မှုကြောင့် အေးချမ်းစွာနေထိုင်နေကြသော အပြစ်မဲ့ပြည်သူ ကလေး ငယ် ငါးဦးအပါအဝင် ရှစ်ဦး သေဆုံးပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အလားတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ် ခရုတုတ်ကျေးရွာမှ သံဃာတော်တစ်ပါးသည် ကူမဲမြို့သို့ သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆိုင်ကယ်တစ်စီး၊ ဖုန်းနှင့် ငွေများအား လုယက်ယူဆောင်သွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဆရာတော်ဘဒ္ဒန္တကောဝိဒသည် ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်သူ အမျိုးသားတစ်ဦးတွင် ကျည်ထိမှန် ဒဏ်ရာများရရှိခဲ့သည်။ ထို့အတူ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ နယ် မှန်ကင်းကျေးရွာ၌ အမျိုးသမီးတစ်ဦးသည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရ ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် သံဃာတော် အပါအဝင် ရိုးသားစွာလုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူ များအား ယခုကဲ့သို့ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါလုပ်ရပ်များအပေါ် ဒေသခံပြည်သူ များအနေဖြင့် ရွံ့ရှာစက်ဆုပ်မုန်းတီးလျက်ရှိပြီး ၎င်းတို့၏အကြမ်းဖက် လုပ်ရပ်များပေါ် ပြည်သူလူထုတစ်ရပ်လုံးက လက်ခံနိုင်ခြင်းမရှိသည့် အတွက် တပ်မတော်၏အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်မှု (Counter–Terrorism Operation) ဆောင်ရွက်ရာတွင် အားတတ်သရော ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



မြိတ် စက်တင်ဘာ ၁၇

၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး နေ့ အထိမ်းအမှတ် အခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မြိတ်ခရိုင် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပ သည်။

အခမ်းအနားတွင် မြိတ်ခရိုင် ပညာရေးမှူး ဒေါ်လှလှအေးက အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်၏ သဝဏ်လွှာ ဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP) ၏ ပညာပေး ဗီဒီယို၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုတို့ကို ပညာပေးပြသသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြိတ်ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါ်ဇင်မြတ် မွန်က အိုဇုန်းလွှာပျက်စီးမှုကြောင့် ကမ္ဘာပေါ် ရှိနိုင်ငံတိုင်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများခံစားနေရခြင်းကို လျှော့ချနိုင်ရန် အတွက် ကမ္ဘာ့အိုဇုန်းလွှာအား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ကြရန် ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး နေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိ သော ကျောင်းသား ကျောင်းသူများအား ခရိုင် ပညာရေးမှူး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# မှော်ဘီမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

မှော်ဘီ စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်၊ လှည်းကူးခရိုင်နှင့် တိုက်ကြီးခရိုင်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မှော်ဘီ မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မှော်ဘီခရိုင်မှ ၂၄ ဦး၊ မင်္ဂလာဒုံခရိုင်မှ ခုနစ်ဦး၊ လှည်းကူးခရိုင်မှ ရှစ်ဦးနှင့် တိုက်ကြီးခရိုင်မှ ၁၁ ဦးဖြင့် စက်တင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာဘာသာရပ်နှင့် ရှေးဦးသူနာပြုစုခြင်း ပညာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံအပ်နှင်းပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၇

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(တိုင်းဒေသကြီး အဆင့်) ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေး အလံ အပ်နှင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သဘင်ဆောင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီနာယကရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာ စကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပြိုင်ပွဲကျင်းပပြီးစီးခဲ့မှုနှင့် နိုင်ငံတော် အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိမှုအား တင်ပြခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများတွင် သက်ဆိုင်ရာ ဘာသာ ရပ်များအလိုက် ထူးချွန်ဆုရရှိကြသူများ အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီး များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြ သည်။

ဆက်လက်ပြီး မဟာဇနက္က ဇာတ်တော်ကြီးမှ ဇာတ်ဝင်ခန်းကောက် နုတ်ချက်ဖြင့် တင်ဆက်ခဲ့ကြပြီး ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ဖျော်ဖြေရေးအဖွဲ့ အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်နိုင်ရေး ဦးစီး ကော်မတီသို့ တိုင်းဒေသကြီး အောင်နိုင် ရေးအလံအား ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ပုသိမ်မြို့၌ အရေးပေါ်ဆေးအကာကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်ပွဲ ကျင်းပ



ပုသိမ် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့တွင် အရေးပေါ် ဆေးအကာ ကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစု နည်းသင်တန်းဖွင့်ပွဲ အခမ်းအနား ကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

**ပြောကြား**

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေ ဝင်းက တိုင်းဒေသကြီးအတွင်း တပ်ဖွဲ့ဝင်များအနေဖြင့် ရှေးဦး သူနာပြုစုခြင်း နည်းစနစ်များ ကျွမ်းကျင်တတ်မြောက်ပိုင်နိုင်စေ ရန်နှင့် လိုအပ်ပါက Ambulance Service ဆောင်ရွက်နိုင်ရေး အတွက် ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် လေ့ကျင့်သင်ကြားမှု များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူကြရန် လိုအပ် ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက အမှန်တကယ်မြေပြင် တွင် ဆောင်ရွက်နိုင်မည့် နည်းစနစ်များကို လေ့ကျင့် သင်ကြားပေးမည်ဖြစ်ပြီး လိုအပ် သည့် သင်တန်းအထောက်အကူ ပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြား သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ် ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ ဝင်များ၊ တိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကော့မှူးတွင် ဂျီ.အီး.စီ(ပညာရေး) သမဝါယမအသင်း လီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ကော့မှူး စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ဂျီ.အီး.စီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၉ နာရီက မြို့သစ်ရပ်ကွက် အထက(ကော့မှူး)နှင်းဆီ ခန်းမ၌ ကျင်းပသည်။

**ဖတ်ကြားရှင်းလင်း**

အခမ်းအနားတွင် ကော့မှူးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီး အရာရှိ ဒေါ်စုစုထွေးက ဦးစီးဌာန၏ဆောင်ရွက်နေသော လုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးအောင်လွင်ဦးက ၂၀၂၃- ၂၀၂၄ ခုနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားရှင်းလင်းခဲ့ကြ သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းတွင် မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုထွေးက သဘာပတိအဖြစ်ဆောင်ရွက် ပြီး အမှုဆောင်အသစ်များကို တာဝန်ခွဲဝေပေးအပ်၍ အမှုဆောင်အသစ် များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာခံယူခဲ့ကြပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂျီ.အီး.စီ(ပညာရေး) သမဝါယမအသင်းအဖွဲ့ဝင်များ၏ သားသမီးများကို ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)

## ရဲတံခွန်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတံခွန် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တက်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲက သာကေတမြို့နယ် (၈)ရပ်ကွက်ရှိ အသင်းရုံးခန်းမ၌ ကျင်းပ သည်။

**ဆွေးနွေးပြောကြား**

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းကြိုင်က ဆောင်ရွက်ပြီး သမအသင်းကိစ္စများဆွေးနွေး ခဲ့ကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက အသင်းလုပ်ငန်း ဆောက်ရွက်မှုများနှင့် သမအသင်းဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေး ပြောကြားခဲ့သည်။



ယင်းနောက် ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ် အစီရင်ခံစာများကို အသင်းသားတစ်ဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

ဝ၃၁



## ကျိုက်မရော၌ မြို့နယ်အဆင့် မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်မရော စက်တင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်အဆင့် မုန်တိုင်းဘေး အန္တရာယ်တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက် လေ့ကျင့်ခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ရန်မျိုးအောင် ရပ်ကွက်ရှိ ရသေ့ကျောင်းဝင်း၌ ပြုလုပ်သည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ် ရေးမှူး ဦးမင်းမင်းစိုးက သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့် ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦးက မုန်တိုင်းသတိပေးအရေးပေါ် တုံ့ပြန်ချက်(အညိုရောင်)အဆင့် သတင်းအား ကျေးလက်နေပြည်သူများ သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် ကြေညာပြီး ကြိုတင်ပြင်ဆင် သတ်မှတ်ထား သည့် ကုန်းမြင့်ပိုင်းဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ကြရာ ကလေး သူငယ်များ၊ မသန်စွမ်းသူများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်ရှိသူ များကို ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိထားသူများအား ရှေးဦးသူနာပြုစုပေးခြင်းနှင့် အရေးပေါ်လူနာများအား ဆေးရုံ၊ ဆေးခန်း သို့ လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခြင်းများကို ဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

# "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့ ပူးပေါင်း၍ ကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် တာဝန်ရှိသူများ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ တက္ကသိုလ်နှင့် ကောလိပ်များတွင် ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုစကားဝိုင်းမှရရှိမည့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်စံနှုန်းများနှင့် စပ်လျဉ်းသည့် အသိအမြင်၊ ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများတွင် ပါဝင်ရန်နှင့် အဂတိလိုက်စားမှုကို ငြင်းဆိုရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံး(ရန်ကုန်)နှင့် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့မှ တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၄၇ ဦးတို့က သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်မြို့နယ်၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ကြေးမုံ

# ဒေးဒရဲမြို့၌ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကျင်းပ

**ဒေးဒရဲ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာတွင် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က အုန်းပင်ကျေးရွာ အုန်းပင်တောင်ကျောင်း ဘုန်းတော်ကြီးကျောင်းရှိ မဟာသကျမုနိ တန်ဆောင်းတော်ကြီးတွင် ကျင်းပသည်။



အခမ်းအနားတွင် ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေ မိသားစု ဝင်ငွေတိုးရေး စီမံကိန်းဆိုင်ရာများနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းတွင် ဖွင့်လှစ်သင်ကြားပေးသွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျေးရွာအုပ်စုအတွင်းရှိ သင်တန်းသား သင်တန်းသူ ၁၅ ဦးအား သစ်သီးယိုအမျိုးမျိုး၊ ဖျော်ရည်အမျိုးမျိုး၊ ခရမ်းချဉ်သီးဆော့(စ်)နှင့် jelly Candy အမျိုးမျိုး ပြုလုပ်နည်းများ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **၂၀၇**



မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာများအသင်းအတွက် အသင်း၏ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည် စာပေ)က အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို)နှင့် အမှုဆောင်များက လက်ခံရယူစဉ်။

အေးသန်း(စိန်တုံးကြီး)

# ပြည်ကြီးတံခွန်မြို့နယ်၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇) အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် သင်တန်းတက်ရောက်ပြီး မြို့နယ်အဆင့်သင်တန်းပို့ချမည့် ဆရာ ဆရာမများက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်၊ အဖွဲ့ဝင် ရဲမှူးကျော်ဆန်း၊ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး



ဦးအောင်သွင်တို့က သင်တန်းသားများအား သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူ ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **၂၂၂**

# ရွှေပြည်သာမြို့နယ်၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး "လူငယ်စကားဝိုင်း" ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ထံသို့ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ဆွေးနွေး**



ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် အထက်တန်းပြ ဆရာမဒေါ်ခင်မျိုးဝင်းတို့က ဦးဆောင်ဆွေးနွေး သူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူငါးဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် စာပေစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးခွန်းများကိုလည်း ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲများ ကျင်းပ


ထန်းတပင်မြို့နယ် ဇင်မင်းထိုက် (ထန်းတပင်)


မြိတ်မြို့နယ် ခိုင်ထူး(ပြန်/ဆက်)


ဖယာန်းမြို့နယ် အောင်မြင့်(ပြန်/ဆက်)


အင်းစိန်မြို့နယ် ဉာဏ်ဟိန်း


သနပ်ပင်မြို့နယ် အောင်မြင့်မြတ်(ပြန်/ဆက်)


စမ်းချောင်းမြို့နယ် မြို့နယ် (ပြန်/ဆက်)


ဒဂုံမြို့နယ် လွဲလွဲ (ပြန်/ဆက်)


ညောင်လေးပင်မြို့နယ် မြို့နယ်(ပြန်/ဆက်)


ကွမ်းခြံကုန်းမြို့နယ် ဆွေနွယ်(ပြန်/ဆက်)


သန်လျင်မြို့နယ် တင်ဝင်းတင်


ကော့သောင်းမြို့နယ် ခရိုင်(ပြန်/ဆက်)


မိတ္ထီလာမြို့နယ် သိန်းမြင့်ကျော်(မိတ္ထီလာ)



လမ်းမတော်မြို့နယ် ကျော်ဆန်းမြင့်


အောင်မြေသာစံမြို့နယ် မြို့နယ်(ပြန်/ဆက်)


ရမည်းသင်းမြို့နယ် ခရိုင်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲများ ကျင်းပ


ပန်းတနော်မြို့နယ် ကျော်သူအောင်(ပြန်/ဆက်)


ကြို့ပင်ကောက်မြို့နယ် မြို့နယ်(ပြန်/ဆက်)


ကျုံပျော်မြို့နယ် မြို့နယ်(ပြန်/ဆက်)


ပုလောမြို့နယ် အေးအေးမော်(ပုလော)


နတ်တလင်းမြို့နယ် ဝေယံဖြိုး(ပြန်/ဆက်)


ဇီးကုန်းမြို့နယ် မြို့နယ်(ပြန်/ဆက်)


ပေါင်မြို့နယ် မွန်မလေး(ပြန်/ဆက်)


ကလေးမြို့နယ် ခရိုင်(ပြန်/ဆက်)


ချောင်းဆုံမြို့နယ် မြို့နယ်(ပြန်/ဆက်)


သုံးခွမြို့နယ် စည်သူလင်း(ပြန်/ဆက်)


တာမွေမြို့နယ် နိုင်လင်းအောင်(ပြန်/ဆက်)


လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်(ပြန်/ဆက်)


မော်ဘီမြို့နယ် ဝင်းဇော်(မော်ဘီ)


ဘီးလင်းမြို့နယ် မြို့နယ်(ပြန်/ဆက်)


မအူပင်မြို့နယ် အောင်မြင့်မြတ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ (စီ)လမ်း၊ တိုက်အမှတ်(၂၁)၊ အခန်းအမှတ်(G-1)၊ အကျယ်အဝန်း (၂၀ ပေ x ၂၅ ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဌာန အိမ်ရာဌာနခွဲတွင် ဦးလင်းကျော် [၉/တသန(နိုင်)၁၀၀၇၉၃]၊ ဒေါ်ခင်ခင်ဝေ [၁၀/သထန(နိုင်)၀၇၀၆၉၀] တို့(၂)ဦး ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပါသည်။ ပူးတွဲအမည်ပေါက်သူ ဦးလင်းကျော်၏ ပိုင်ဆိုင်မှုအစုအား (၂၀-၃-၂၀၂၄)ရက်နေ့တွင် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဝေ[၁၀/သထန(နိုင်)၀၇၀၆၉၀] အား မေတ္တာဖြင့်အပိုင်ပေးကမ်းစာချုပ်အရ ပေးကမ်းထားသဖြင့် ဒေါ်ခင်ခင်ဝေမှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသောမြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို တိုက်ခန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်(၂)လမ်း၊ အမှတ် (၁၀၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၅/သမိုင်း)၊ မြေကွက်အမှတ်(၁ခ၅၃)၊ ဧရိယာ(၀.၀၈၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက် ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဦးထွန်းသိန်း [၁၂/အလန(နိုင်)၀၁၆၁၉၅]အမည်ဖြင့် မှတ်သားထားပါသည်။ အမည်ပေါက်ဦးထွန်းသိန်းနှင့် ဇနီးဒေါ်ကျင်ရီတို့ အသီးသီးကွယ်လွန်၍ ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်သီတာထွန်း [၁၂/အလန(နိုင်)၀၁၆၂၁၁]၊ ဦးဇော်မင်းထွန်း [၁၂/အလန(နိုင်)၀၁၆၁၄၁]၊ ဒေါ်ကေသီထွန်း [၁၂/မရက(နိုင်)၁၁၂၅၉၈]၊ ဦးဇော်လင်းထွန်း [၁၂/အလန(နိုင်)၀၁၆၂၁၃]တို့(၄)ဦးမှ အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ဗိုလ်ချိုလမ်း၊ မြေကွက်အမှတ်(၇၅၇)ဟုခေါ်တွင်သော ဦးသန်းထွန်းအမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေအကျယ်ပေ (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ရှိ (ဂရန်မိတ္တူခြမ်း) မြေအကျယ် ပေ(၂၀x၆၀) ရှိ မြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးယုနိုင် [၁၂/အလန(နိုင်)၀၂၈၂၁၃]ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုလေး [၁၂/ဥကတ(နိုင်)၀၉၇၁၀၉] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-** **ဦးကိုကိုလေး**

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၅၀၂)ဟုခေါ်တွင်သော ဒေါ်မီးမီး(ခ)ဒေါ်ရွှယ်ရင် (ဘ) ဦးဝူဝှဲရင် [၉/မရတ(နိုင်)၁၀၆၂၃၉] အမည်ပေါက်၊ ပေ (၄၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့မူ (ဘ) ဦးမောင်မှုတ် [၁၀/မလမ(နိုင်)၁၆၈၅၉၄] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q), HGP)** — **ဒေါ်အေးခန့်ခန့်လှိုင်(LL.B, HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ဦးအောင်ကျော်ဦး[၁၃/ခလန(နိုင်)၀၀၁၂၉၉]၊ ဦးစိုင်းမိုးထွေး[၁၃/နစန(နိုင်)၀၆၄၈၄၉] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၂၃)တွင်နေထိုင်သူ ဦးလှထွန်းခိုင် [၁၁/ကတန(နိုင်) ၁၉၄၉၁၄] ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအောင်ကျော်ဦး[၁၃/ခလန(နိုင်)၀၀၁၂၉၉]၊ ဦးစိုင်းမိုးထွေး [၁၃/နစန(နိုင်)၀၆၄၈၄၉] နှင့် ကျွန်ုပ်၏ မိတ်ဆွေဦးလှထွန်းခိုင်တို့(၃)ဦးသည် "Hangover" အမည်ဖြင့် စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရာ၌ ဦးအောင်ကျော်ဦးနှင့် ဦးလှထွန်းခိုင်တို့(၂)ဦးသာ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုသောကြောင့် (၂၀-၃-၂၀၂၄) ရက်စွဲပါ "နှစ်ဦးအစုစပ်လုပ်ငန်းသဘောတူကတိစာချုပ်" ချုပ်ဆိုကာ ဦးအောင်ကျော်ဦးမှ ငွေကျပ်သိန်း(၇၂၀)နှင့် ဦးလှထွန်းခိုင်မှ ငွေကျပ်သိန်း(၆၂၀) ထည့်ဝင်၍ လုပ်ငန်းဆောင်ရွက်လုပ်ကိုင်ခဲ့ကြပါသည်။ အဆိုပါလုပ်ငန်းတွင် ဦးစိုင်းမိုးထွေးမှာ Cashier အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ဦးအောင်ကျော်ဦးမှာ (၂၇-၇-၂၀၂၄) ရက်နေ့တွင် ရှေ့နေအကြောင်းကြားစာဖြင့် လုပ်ငန်းရပ်၍ ဆက်မလုပ်လိုတော့ကြောင်း စာရင်းရှင်းလင်းရန်ကိစ္စရပ်များကို အကြောင်းကြားခဲ့၍ ဦးလှထွန်းခိုင်ဘက်မှလည်း (၉-၈-၂၀၂၄) ရက်နေ့တွင် ဦးအောင်ကျော်ဦးထံသို့ ဦးလှထွန်းခိုင်ထည့်ဝင်ထားသည့် အစုရှယ်ယာငွေများနှင့် ဦးလှထွန်းခိုင်လုပ်ငန်းထဲတွင် ထပ်မံစိုက်ထုတ်ရှင်းပေးထားရသည့် ဝန်ထမ်းလစာများ၊ ဆိုင်စရိတ်များကိုပေးအပ်ရန် တောင်းဆိုခဲ့သော်လည်း ဦးအောင်ကျော်ဦးဘက်မှ လိုက်နာဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ယခုအခါ ဦးအောင်ကျော်ဦးမှာ မည်သို့မှ စာရင်းမရှင်းပေးနိုင်ကြောင်း အတွေ့မခံနိုင်ကြောင်းကို တစ်ဆင့်စကားဖြင့်သာ ကြားသိခဲ့ရပြီး ယနေ့အချိန်ထိ ဦးအောင်ကျော်ဦးမှာ ကျွန်ုပ်မိတ်ဆွေနှင့် အတွေ့မခံဘဲ ရှောင်တိမ်းနေပါသည်။ ယခုအခါ လုပ်ငန်းလုပ်ကိုင်နေသော ဆိုင်ခန်းနေရာငှားရမ်းထားသည့်ကာလမှာလည်း (၁၉-၉-၂၀၂၄) ရက်နေ့တွင် (၁)နှစ်တာကာလပြည့်မြောက်မည်ဖြစ်၍ ဆိုင်ခန်းငှားရမ်းထားသည့် ကိစ္စရပ်အပေါ်တွင်လည်း ရှင်းလင်းရမည့်ကိစ္စရပ်များရှိနေသည်ကိုလည်း လူကြီးမင်းသိရှိထားပြီး ကိစ္စရပ်များ ဖြစ်ပါသည်။ လုပ်ငန်းတွင် ငွေကိုင် Cashier ဖြစ်သူ ဦးစိုင်းမိုးထွေးမှာလည်း လုပ်ငန်းထဲမှငွေကြေးများကို ၎င်း၏ ကိုယ်ရေးကိုယ်တာကိစ္စများအတွက် သုံးစွဲထားသည်ဖြစ်၍ ယခုအခါ ဦးစိုင်းမိုးထွေးမှာလည်း ရှောင်တိမ်းနေသည်ဖြစ်၍ လုပ်ငန်းကိစ္စရပ်များပေါ်တွင် စာရင်းရှင်းလင်းရန် ဦးစိုင်းမိုးထွေးတွင်လည်း တာဝန်ရှိနေပါသည်။ ဦးအောင်ကျော်ဦးနှင့် ဦးစိုင်းမိုးထွေးတို့မှာ အတွေ့မခံ၊ စာရင်းရှင်းလင်းပေးခြင်းမရှိခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်းခိုင်မှာ များစွာသော နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

ယခုအခါ အဆိုပါအစုစပ်လုပ်ငန်းအား ဖျက်သိမ်းကာ စာရင်းရှင်းလင်းလိုသည်ဖြစ်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်းခိုင်မှ ဦးအောင်ကျော်ဦးနှင့် ဦးစိုင်းမိုးထွေးတို့အား ဆက်သွယ်ပြောကြားခဲ့သော်လည်း အတွေ့မခံဘဲ တိမ်းရှောင်နေသည်ဖြစ်သောကြောင့် (၂၀-၉-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းပေးရန် တောင်းဆိုလိုက်သည်။

သို့ဖြစ်ရာ စာရင်းရှင်းလင်းဆောင်ရွက်ခြင်း မပြုရသေးမီ အချိန်အတွင်း "HANGOVER" အမည်ဖြင့် စားသောက်ဆိုင်လုပ်ငန်းအား အစုစပ်လုပ်ကိုင်နေသည်ဖြစ်သောကြောင့် အဆိုပါလုပ်ငန်းအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးစိုင်းမိုးထွေးအမည်ဖြင့်ချပေးထားသည့် လုပ်ငန်းလိုင်စင် (အစားအသောက်လိုင်စင်) နှင့် ဦးစိုင်းမိုးထွေးအမည်ဖြင့် ယစ်မျိုး လိုင်စင်အမှတ်(၂/၁၇-၆၄/၂၀၂၃-၂၀၂၄) လိုင်စင်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးလှထွန်းခိုင် သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်မို့မို့ထွဋ်** | **ဒေါ်ဝင်းရတနာလှိုင်** |
| **(LL.B,DBL,DML,DIL )** | **(LL.B,DBL,DIPL)** | **(LL.B)** |
| **(စဉ်-၈၅၅၈)** | **(စဉ်-၁၂၀၆၄)** | **(စဉ်-၁၉၀၀၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၅၃၅၈၂၇၀**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြင့်ဝင်း၏သမီး မခင်ရွှေရည်ဝင်းထက် [၁၂/လသယ(နိုင်)၀၇၄၃၉၈]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၄၂၇၂၇၂**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြင့်ဝင်း၏သမီး မခင်ရွှေရည်သင်းထက် [၁၂/လသယ(နိုင်)၀၇၄၃၉၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၂၈၈၈၃၇**

**★STAR★**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၅၊ မြေကွက်အမှတ်-၅၈၊ မြေကွက်တည်နေရာအမှတ်-၁၀၆/ဘီ3၊ နီလာနှင်းဆီလမ်း၊ ၂၇/၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမြင့်လွင်ဦး [၁၂/ဗဟန(နိုင်)၀၄၈၂၅၃]၊ ဒေါ်ခင်တိုးငြိမ်း [၁၂/ဗဟန(နိုင်)၀၄၈၅၇၄] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက်(၂)ဦးအနက် (ဇနီး) ဒေါ်ခင်တိုးငြိမ်းသည် (၄-၉-၂၀၁၅) ရက်နေ့တွင်ကွယ်လွန်သဖြင့်ကျန်အမည်ပေါက် ဦးမြင့်လွင်ဦး [၁၂/ဗဟန(နိုင်)၀၄၈၂၅၃] မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားခင်ပွန်း လုံးဝမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဇနီး) ဒေါ်ခင်တိုးငြိမ်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၁x၆၂ လမ်းကြား၊ ဗထူးxအောင်ဆန်းလမ်းကြားရှိ တပ်သားကျင်ခန့်ထန်အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၈၂/၂၀၂၃)တွင် (၈-၉-၂၀၂၃)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ တပ်သားကျင်ခန့်ထန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၄၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုကိုနိုင် [၉/မရတ(နိုင်)၀၀၈၇၀၁]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၅၇/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဒေါ်မီမီကျော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှမြင့်(ဒဂုံ)အထက်တန်းရှေ့နေ၊ ဦးကြည်ထွန်း၊ ဒေါ်စုမြတ်မွန် တရားလွှတ်တော်ရှေ့နေများ၏ (၄-၉-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)တွင် ဖော်ပြပါရှိသော ဆုမွန်ကျော်ဦး အပါအဝင် အများသိစေရန် ကြေညာခြင်းအပေါ် ရှင်းလင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ကွင်းအမှတ်-မြူနီစီပါယ်ဈေး၊ ဦးပိုင်အမှတ်-၁၁၆၊ ဧရိယာ(၀.၀၂၈)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့်အိမ်သည် မြေငှားဂရန်တွင် ဖခင်ဦးကျော်ဦးအမည်ပေါက်၍ မိဘနှစ်ပါးကွယ်လွန်သောအခါ အမွေဆက်ခံရန် သမီးဒေါ်မီမီကျော်ဦး[၁၂/သလန(နိုင်)၀၁၁၈၂၆] နှင့် ဒေါ်ဆုမွန်ကျော်ဦး [၁၂/သလန(နိုင်)၀၈၅၃၁၂] တို့ ကျန်ရစ်ပါသည်။ အထက်ပါခြံနှင့်အိမ်အား ဒေါ်မီမီကျော်ဦးမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုမွန်ကျော်ဦးအား သန်လျင်ခရိုင်တရားရုံးတော်တွင်တရားမကြီးမှုအမှတ်(၃၅/၂၀၂၃) ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ စေ့စပ်ညှိနှိုင်းရေးရုံး၌ ညှိနှိုင်းဖြေရှင်းရေးအမှုအမှတ်(၄၇၀/၂၀၂၃)ဖြင့် မြေနှင့်အိမ်အား ကာလပေါက်ဈေးဖြင့်ရောင်းချပြီး ရောင်းချရငွေအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်မီမီကျော်ဦးအား ငွေကျပ် (၁၂၅၀) သိန်းကို အမွေခွဲဝေပေးလိုသောဆန္ဒရှိသဖြင့်သာ ယခုကဲ့သို့ ဆောလျင်စွာသဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုမွန်ကျော်ဦးသည် သန်လျင်ခရိုင်တရားရုံး၏ (၃၁-၈-၂၀၂၃) ရက်စွဲပါအမိန့်အတိုင်း နာခံ၍ ဒေါ်မီမီကျော်ဦး တောင်းဆိုသော ငွေကျပ်(၁၂၅၀)သိန်းအား အမြန်ခွဲဝေပေးလို၍သာ အိမ်နှင့်ခြံအား ကာလပေါက်ဈေးဖြင့်ရောင်းချခဲ့သော်လည်း အချိန်မီရောင်းချနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့်(၂၄-၈-၂၀၂၄) ရက်နေ့တွင် ဦးထွန်းထွန်းမိုးထံ ငွေကျပ်သိန်း(၃၀၀၀)ဖြင့် ရောင်းချရန်အတွက် စီစဉ်ခဲ့ပြီး ငွေကျပ်(၁၅၀)သိန်းအား စရန်ငွေအဖြစ် ရယူခဲ့ပါသည်။ ယင်းစရန်ငွေရယူခဲ့သည့်အပေါ် "မရိုးမဖြောင့်သောသဘောဖြင့် ထိမ်ချန်၍ ဦးထွန်းထွန်းမိုးအား အမွေဆိုင် မြေနှင့်အိမ်ရောင်းချခြင်းကို ဒေါ်မီမီကျော်ဦးမသိရှိပါဟု" ကြေညာခြင်းမှာ ကျွန်ုပ်မိတ်ဆွေမှ အိမ်ခြံမြေအားကာလပေါက်ဈေးဖြင့် ရောင်းချပြီး ရောင်းချရငွေအပေါ်မှသာ ဒေါ်မီမီကျော်ဦးအား ငွေကျပ်သိန်း(၁၂၅၀)ပေးအပ်ရန်တာဝန်ရှိသည်ကို ဒေါ်မီမီကျော်ဦး သိစေအပ်ပါသည်။

၃။ သို့ရာတွင် (၄-၉-၂၀၂၄)နေ့ ဒေါ်မီမီကျော်ဦး သတင်းစာကြော်ငြာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်ကျော်ဦး စရန်ငွေပေးခဲ့သူ ဦးထွန်းထွန်းမိုး မနစ်နာစေရန်နှင့် အမှုအခင်းများထပ်မံမဖြစ်ပွားစေရန် (၆-၉-၂၀၂၄) နေ့တွင် သန်လျင်ခရိုင်တရားရုံး ရုံးချိန်အမီလာရောက်တွေ့ဆုံကာ မြေနှင့်အိမ်ရောင်းရငွေအတွင်းမှ အမွေစု ငွေကျပ်သိန်း(၁၂၅၀)ကို ပေးအပ်ခဲ့လျှင် ဒေါ်မီမီကျော်ဦး လက်ဝယ်ရှိ ဖခင်ဦးကျော်ဦးအမည်ပေါက် မြေငှားဂရန်မူရင်းနှင့် စာရွက်စာတမ်းများ လွှဲအပ်ပေးမည်ဖြစ်ကြောင်း ဦးထွန်းထွန်းမိုးနှင့် ဒေါ်ဆုမွန်ကျော်ဦးတို့သိရှိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာအသိပေးအပ်ပါသည်ဟု ကြေညာခဲ့သော်လည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုမွန်ကျော်ဦး သိရှိခြင်းလုံးဝမရှိဘဲ ဦးထွန်းထွန်းမိုးနှင့် ဒေါ်မီမီကျော်ဦးတို့ တိတ်တဆိတ်တွေ့ဆုံကာ အမွေဝေစုငွေကျပ်(၁၂၅၀)သိန်းအား "နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်" ပြုလုပ်ချုပ်ဆိုခဲ့ကြသည်ကို ငြင်းဆိုနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်မိတ်ဆွေမှာ ယင်းကဲ့သို့ အရှုပ်အရှင်းများဖြစ်မည်ကို လိုလားမှုမရှိ၍ (၂၄-၈-၂၀၂၄)ရက်စွဲပါ ဦးထွန်းထွန်းမိုးနှင့် စရန်ငွေပေးကတိစာချုပ်ကို စရန်ငွေ(၂)ဆပေးလျော် ဖျက်သိမ်းမည်ဖြစ်သလို ဒေါ်မီမီကျော်ဦးနှင့် ဦးထွန်းထွန်းမိုးတို့ (၆-၉-၂၀၂၄) ရက်စွဲပါ "အမွေဝေစုအရောင်းအဝယ်ကတိစာချုပ်" မှာလည်း ကျွန်ုပ်မိတ်ဆွေသဘောတူညီချက် လုံးဝမပါရှိသလို ကျွန်ုပ်မိတ်ဆွေမှလည်း သိရှိခြင်းမရှိပါ၍ ပျက်ပြယ်နေသော စာချုပ်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုမွန်ကျော်ဦးမှာ (၄-၉-၂၀၂၄) ရက်စွဲပါ သတင်းစာကြေညာချက်ပါအတိုင်း ရိုးရိုးသားသား မိဘဂုဏ်သိက္ခာကို ထောက်ထားရန် ယင်းအိမ်နှင့်ခြံအား မည်သည့်သူစိမ်းကိုမှ မရောင်းချတော့ဘဲ ၎င်းကိုယ်တိုင် ဝယ်ယူမည်ဖြစ်၍ ဦးထွန်းထွန်းမိုးနှင့် ဒေါ်မီမီကျော်ဦးတို့ချုပ်ဆိုခဲ့သည့် (၆-၉-၂၀၂၄)ရက်စွဲပါ ပျက်ပြယ်သောစာချုပ်အား ဖျက်သိမ်းပြီး ဒေါ်မီမီကျော်ဦး ရပိုင်ခွင့်ရှိသော ကျပ်(၁၂၅၀)သိန်းကို (၂၁-၉-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်မိတ်ဆွေထံမှ လက်ခံရယူပြီး အိမ်ခြံမြေဂရန်မူရင်း စာရွက်စာတမ်းများအားလုံးအား ယင်းနေ့တွင်ပင် ကျွန်ုပ်မိတ်ဆွေထံသို့ မပျက်မကွက်ပေးအပ်ရန် ဒေါ်မီမီကျော်ဦးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်မို့မို့ထွဋ်** | **ဒေါ်ဝင်းရတနာလှိုင်** |
| **(LL.B,DBL,DML,DIL )** | **(LL.B,DBL,DIPL)** | **(LL.B)** |
| **(စဉ်-၈၅၅၈)** | **(စဉ်-၁၂၀၆၄)** | **(စဉ်-၁၉၀၀၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၅၃၅၈၂၇၀**




## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်-၉၀၇(က) ဒေါ်ယုယုနိုင် (ဒဂရ/ဂရသ-၂၀၂၂၀၂၅၁၇၀) နှစ်(၆၀)ဂရန်၊ (၂၀x၆၀)ပေရှိ ဂရန်မူရင်း မြေကွက်နှင့်အိမ်မှ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ယုယုနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှဟန်[၁၂/ဗဟန(နိုင်)၀၃၇၃၃၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ သန့်ဇင်လမ်းသွယ်(၁)၊ အမှတ်(၆၀) ဟုခေါ်တွင်သော အကျယ် (အလျား ၂၅ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းနိုင်[၉/ကပတ(နိုင်)၀၂၄၀၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) | ဒေါ်အေးအေးသိန်း (B.A, PGDL) | ဒေါ်စန်းမြသက် (B.Sc, PGDL) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၉၂၁၂) | (စဉ်-၅၆၅၆၆) | (စဉ်-၅၆၅၆၅) |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၅၁/၂၅၃)၊ (၁၂)လွှာ၊ အခန်းအမှတ်(အေ) (မျက်နှာမူလျှင်ဝဲဘက်) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅x၆၀)ပေရှိ ခတ်လေ့ကားပါတိုက်ခန်းနှင့် စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်/အခန်းရှင်များဖြစ်ကြသော **ဦးမြသိန်း [၁၂/ဗတထ(နိုင်)၀၀၇၁၃၈]+၄** တို့ကိုယ်စား မြေရှင်တစ်ဦးဖြစ်သူ **ဒေါ်တင်တင်သန်း [၁၂/ဗတထ(နိုင်)၀၀၇၁၃၉]** က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.GP, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

